

# အလုံးစုံပျက်သုဉ်းခြင်း

**စစ်အုပ်စုတို့၏ အာဏာသိမ်းကြံစည်မှုနောက်ပိုင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လူမှုစီးပွားထိခိုက်နစ်နာမှုများ**

---

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


အပိုင်း (၁) ........................................................................................................................၆

၁-က) အကျဉ်းချုပ် ........................................................................................................................၆

၁-ခ) ပစ်မှတ်ဒေသများ၏ နောက်ခံသမိုင်း ........................................................................ ၁၀

၁- ဂ) အစီရင်ခံစာ ပြုစုပုံ ........................................................................................................ ၁၄

၁-ဃ) အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေများကို သုံးသပ်ခြင်း ............................................ ၁၆

အပိုင်း (၂) .......................................................................................................................... ၁၉

၂-က) အာဏာသိမ်းပြီးေနာက်ပိုင်း ပြည်သူများ၏လုံခြုံမှုအခြေအနေ ........................................... ၁၉

၂-ခ) လူ့အခွင့်အရေးချိုးဖောက်မှုများအခြေအနေ..........................................................................၂၄

၂-ခ-၁) ဥပဒေမဲ့သတ်ဖြတ်ခြင်းများ ........................................................................................၂၄

၂-ခ-၂) မတရားဖမ်းဆီးထိန်းသိမ်းခြင်း ....................................................................................၂၈

၂-ခ-၃) ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာဆက်ဆံမှုများ .............................................................. ၃၂

၂-ခ-၄) ပိုင်ဆိုင်မှုများ၊ နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖျက်ဆီးခြင်း ............................ ၃၄

၂-ခ-၅) လိင်အကြမ်းဖက်မှုများ ..........................................................................................၃၈

၂-ခ-၆) သွားလာခွင့်ကန့်သတ်ခြင်း ........................................................................................ ၄၀
၂-ခ-၇) ဆက်ကြေးတောင်းခြင်း၊ သိမ်းယူခြင်း၊ လုယက်ခြင်းနှင့် အဓမ္မငွေကြေးတောင်းခံခြင်း .......................... ၄၁

၂-ခ-၈) အကျင့်ပျက်ခြစားမှု .......................................................................................... ၄၃

၂-ခ-၉) ပြည်သူကို အကြမ်းဖက်ရန် စစ်အုပ်စုတို့ထောက်ခံသည့်အဖွဲ့များကို ပိုမိုအသုံးပြုလာခြင်း .................... ၄၃

၂-ခ-၁၀) တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများကို ဖိနှိပ်ခြင်း ................................................ ၄၆

၂-ခ-၁၁) မတရား, တရားစီရင်ထောင်ချခြင်း ........................................................................ ၄၈

အပိုင်း (၃) အာဏာသိမ်းပြီးနောက်ပိုင်း စစ်ဘေးရှောင်စခန်းများအခြေအနေ ........................................ ၅၁

အပိုင်း (၄) အာဏာသိမ်းပြီးနောက်ပိုင်း လူမှုရေးထိခိုက်မှုများအခြေအနေ ........................................ ၅၄

က) ရာဇဝတ်မှုထူပြောလာခြင်း ............................................................................ ၅၅

ခ) အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်ခြင်းနှင့် ဆက်ကြေးတောင်းခြင်း ............ ၅၆

ဂ) ဥပဒေပြင်ပဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် စစ်ဘေးအန္တရာယ်ကို ထိတ်လန့်ကြောက်ရွံ့ေနရခြင်း ......... ၅၇

၂-ဃ-၂) ပညာရေးကဏ္ဍ ................................................................................................ ၅၉

က) ပညာရေးဝန်ထမ်းနှင့် ဆရာဆရာမများ မလုံလောက်ခြင်း ………………………………………….. ၆၀

ခ) လုံခြုံရေးအခြေအနေကြောင့် စာသင်ကျောင်းမဖွင့်လှစ်နိုင်ခြင်း …………………………………….. ၆၁

ဂ) ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးအာမခံချက် မရှိခြင်း …………………………………….. ၆၂

ဃ) စာသင်ကျောင်းများကို အတင်းအဓမ္မပြန်လည်ဖွင့်လှစ်စေခြင်း ……………………………………. ၆၄

င) ဆရာဆရာမများ၏လုပ်ခလစာနှင့် သင်ထောက်ကူများ မထောက်ပံ့နိုင်ခြင်း ……………………….. ၆၅

စ) လူမှုအဖွဲ့အစည်းများနှင့် ပရဟိတအသင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ……………………. ၆၆

ဆ) အာဏာသိမ်းပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေ …………………………………………… ၆၈

ဇ) COVID-19 ကူးစက်ရောဂါအခြေအနေ ……………………………………………………………၆၈

ဈ) ညံ့ဖျင်းသောကျန်းမာရေးစောင့်ရှောက်မှု ……………………………………………………….. ၆၉

အပိုင်း (၅) အာဏာသိမ်းပြီးနောက်ပိုင်း စီးပွားရေးထိခိုက်မှုများအခြေအနေများ ………………………………….၆၉

အပိုင်း (၆) ………………………………………………………………………………………….. ၇၈

နိဂုံးချုပ် …………………………………………………………………………………………………၇၈

အကြံပြုတိုက်တွန်းချက်များ ……………………………………………………………………….... ၇၉



အစီရင်ခံစာပါ ကွင်းဆင်းသုတေသနပြုထားသည့် နေရာဒေသများ
ဘီးလင်း
မွန်ပြည်နယ်
သထုံ
ဘားအံ
ကရင်ပြည်နယ်
မြဝတီ
ကော့ကရိတ်
မော်လမြိုင်
မုတ္တမပင်လယ်ကွေ့
မုဒုံ
မွန်ပြည်နယ်
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
ရေး
တနင်္သာရီတိုင်းဒေသကြီး
ရေဖြူ
ထားဝယ်
လောင်းလုံ
သရက်ချောင်း
ကပ္ပလီပင်လယ်
N
Bago
Thanatpin
Yangon
Myawady
Tak
Mergui


Club

# အပိုင်း (၁)

## ၁ - က) အကျဉ်းချုပ်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ၊ မတူကွဲပြားမှုများနှင့် ယဉ်ကျေးမှုများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ နိုင်ငံသားတို့၏ အမြင်သစ်များ၊ ခုခံတွန်းလှန်နိုင်စွမ်းနှင့် ရဲစွမ်းသတ္တိတို့သည် မြန်မာနိုင်ငံ၏ ကြီးမားသောအင်အားများဖြစ်သည်။ ၎င်းအပြင် မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားလာခဲ့သည့် ပြည်တွင်းစစ်၏ စစ်တလင်းလည်း ဖြစ်နေပြန်သည်။ ပြည်တွင်းစစ်တွင် ဖြစ်ပွားခဲ့သော ရက်စက်မှုများနှင့် ဆုံးရှုံးခဲ့ရသော အသက်အိုးအိမ်များအတွက်မူ အဖွဲ့အစည်းတစ်ခုတွင်သာ အဓိကတာဝန်ရှိနေသည်။ စစ်အုပ်စုတို့သည် နိုင်ငံသားများအပေါ် ဆိုးဝါးလွန်းသောရာဇဝတ်မှုများကို ကျူးလွန်နေပြီး ၎င်းကျူးလွန်မှုများအတွက် အပြစ်ပေးခံရမှုမှလည်း ကာလကြာရှည်စွာ လွတ်မြောက်နေသည်။

သမိုင်းကိုပြန်ကြည့်မည်ဆိုပါက စစ်အုပ်စုတို့သည် နောက်ကြောင်းပြန်လှည့်ရန်နှင့် ပြည်သူလူထု၊ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများနှင့်ပူးပေါင်းပြီး ငြိမ်းချမ်းရေးပြန်လည်ဖော်ဆောင်ရန် အခွင့်အရေးများစွာ ရရှိခဲ့သည်။ သို့သော်လည်း စစ်အုပ်စုတို့အနေဖြင့် အာဏာနှင့်ကိုယ်ကျိုးစီးပွားနောက်ကိုသာ လိုက်ခဲ့ပြီး ပြည်သူအတွက်

ကြွယ်ဝမှုနှင့် အေးချမ်းတည်ငြိမ်မှုကို ဆောင်ကြဉ်းမည့်အစား ၎င်းတို့အင်အားကြီးထွားရန်နှင့် လိုအင်ပြည့်ဝရန်အတွက်ကိုသာ တစိုက်မတ်မတ်လုပ်ဆောင်လာခဲ့သည်။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် နောက်ထပ်တစ်ကြိမ်အာဏာသိမ်းခဲ့ပြီး စစ်အုပ်စုတို့သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည်မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည်မဟုတ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲရလဒ်ကို လက်ခံမည်မဟုတ်ကြောင်းကို အဆိုပါအာဏာသိမ်းမှုက သက်သေခံနေသည်။ အာဏာသိမ်းရသည့်အကြောင်းရင်းမှာလည်း စစ်အုပ်စုတို့၏ဆင်ခြေဆင်လက်မှလွဲ၍ တိကျသေချာသည့် သက်သေအထောက်အထားမရှိချေ။ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းနှင့် ဒီမိုကရေစီ၏အခြေခံ စည်းမျဉ်းများနှင့် သွေဖယ်ကာ ပြည်သူလူထု၏ လွတ်လပ်ပြီးမျှတသော သဘောထားဆန္ဒများကို အကြမ်းဖက်လုယူခဲ့ခြင်း ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ သောင်ပြိုကမ်းပြိုအနိုင်ရမှုကို ငြင်းပယ်ခြင်းကြောင့် မတည်ငြိမ်မှုနှင့် ပရမ်းပတာဖြစ်မှုများကလွဲ၍ မည်သည့်အရာမှ မရရှိခဲ့ချေ။

တိုက်ပွဲများပိုမိုများပြားဆိုးရွားလာပြီး စစ်အုပ်စုတို့က နိုင်ငံအနှံ့ စစ်မျက်နှာဖွင့်နေရသည်။ အကြမ်းဖက်မှုများ အရပ်လေးမျက်နှာ ဖြစ်ပွားနေပြီး ကလေးသူငယ်များ၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၊ အခြားနည်းဖြင့် သန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများပါမကျန် စစ်အုပ်စုတို့၏အကြမ်းဖက်မှုဒဏ်ကို ခံစားနေရသည်။ စစ်အုပ်စုတို့၏ စစ်ဆင်မှုများကြောင့် လူ (၁) သန်းနီးပါး ထွက်ပြေးတိမ်းရှောင်နေရပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း မပေးအပ်နိုင်သဖြင့် အပစ်မဲ့ပြည်သူတို့၏ အသက်ရှင်နေထိုင်မှုသည် ခြိမ်းခြောက်ခံနေရသည်။

ငွေကြေးဖောင်းပွလာပြီးဆန်နှင့် စက်သုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများသည် ထင်မှတ်မထားသည့်အခြေအနေအထိ မြင့်တက်လာခဲ့သည်။ ပညာရေးစနစ်လည်း ပျက်စီးခဲ့ရပြီး စစ်မှန်သော ဒီမိုကရေစီစနစ်သို့ သွားရာလမ်းသည်လည်း အဖျက်စီးခံခဲ့ရသည်။ လူငယ်များသည် ၎င်းတို့၏လေ့လာသင်ယူနေမှုများကို စွန့်ပစ်ကာ နိုင်ငံရပ်ခြားသို့ ထွက်ခွာနိုင်ရန် အသည်းအသန်ကြိုးစားနေသည်။

စစ်အုပ်စုတို့က ပိုမိုကြမ်းကြုတ်လာသည့်နှင့်အမျှ ခုခံတွန်းလှန်မှုများကလည်း ပုံသဏ္ဌာန်ပြောင်းလဲလာပြီး စစ်အုပ်စုတို့၏ ရက်စက်ကြမ်းကြုတ်မှုကို တွန်းလှန်နိုင်ရန် နည်းလမ်းပေါင်းစုံ အသုံးပြုလာသည်။ အာဏာသိမ်းပြီးပြီးချင်း စစ်အာဏာရှင် လက်အောက်တွင် အမှုမထမ်းခြင်းလှုပ်ရှားမှု (Civil Disobedience Movement – CDM) ပေါ်ပေါက်လာခဲ့ခြင်းက ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လက်မခံသည့်စစ်အုပ်စုတို့၏ ဖျက်လိုဖျက်စီးပြုလုပ်မှုကို ပြည်သူများကလုံးဝလက်မခံကြောင်း ဖော်ပြနေသည်။ ထောင်သောင်းများစွာသော ဆရာဆရာမများ၊ အင်ဂျင်နီယာများ၊ သူနာပြုနှင့် ဆရာဝန်များနှင့် အခြားသောပညာရှင်များက ခေါက်ရိုးကျိုး စစ်အာဏာရှင်အောက်တွင် ဆက်လက်အလုပ်လုပ်ရန် ငြင်းဆန်ခဲ့ပြီး

၎င်းတို့လုပ်ငန်းခွင်ကို ချက်ချင်းစွန့်ခွာခဲ့သည်။ အဆိုပါ CDM လှုပ်ရှားမှုသည် ကမ္ဘာကျော်ခဲ့ပြီး ၂၀၂၂ မတ်လတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆု အတွက်ပင် အမည်စာရင်းတင်သွင်းခြင်း ခံခဲ့ရ သည်။[1]

အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (the Committee Representing Pyidaungsu Hluttaw – CRPH) ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီတွင် ဖြုတ်ချခံ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုယ်စားလှယ်များနှင့် လွှတ်တော်အမတ်များပါဝင်သည်။ ကော်မတီတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်မှ ကိုယ်စားလှယ်စုစုပေါင်း (၁၇) ဦး ပါဝင်သည်။ ကော်မတီသည် ရန်ပုံငွေ ရှာဖွေခြင်းနှင့် စစ်အာဏာဖီဆန်သူ ဝန်ထမ်းနှင့် ၎င်းတို့၏အဖွဲ့များကို ထောက်ပံ့ခြင်းတို့ဖြင့် ဒီမိုကရေစီလှုပ်ရှားမှုကို ပံ့ပိုးရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

အာဏာလုစစ်အုပ်စုတို့က မည်သို့ပင် ပြောဆိုနေစေကာမူ မြန်မာနိုင်ငံ၏ စစ်မှန်သောအစိုးရသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ဖွဲ့စည်းလိုက်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (the National Unity Government – NUG) ပင် ဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရက ရွေးကောက်တင်မြှောက်ပြီး တာဝန်ပေးအပ်လိုက်သည့် ယာယီသမ္မတ ဒူးဝါးလရှီးသည် စစ်အာဏာရှင်စနစ်ကို တစ်စစီဖြိုခွဲဖျက်စီးပြီး မြန်မာနိုင်ငံတွင် လွတ်လပ်မျှတသည့်ပြည်ထောင်စုတစ်ခု ပေါ်ပေါက်လာရန် အဓိကထားလုပ်ဆောင်နေသည်။ အမျိုးသားညီညွတ်ရေး အစိုးရကို အစိုးရဌာနကြီး (၅) ခုနှင့် ဝန်ကြီး ဌာန (၁၇) ခုဖြင့် ဖွဲ့စည်းထားပြီး ပြည်သူလူထုကို ထောက်ပံ့ကူညီခြင်းနှင့် လူ့ဖြစ်တည်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှု ကျူးလွန်နေသည့်စစ်အုပ်စုတို့ကို နိုင်ငံတကာတွင် အရေးယူနိုင်ရန်အတွက် သက်သေအထောက်အထားများ စုဆောင်းခြင်း များကို လုပ်ဆောင်နေသည်။

၂၀၂၁ စက်တင်ဘာလ (၇) ရက်နေ့တွင် ခုခံတော်လှန်စစ် စတင်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက တရားဝင်ကြေညာခဲ့သည်။[2] People Defense Forces (PDF) ဟုခေါ်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ဖွဲ့စည်းပြီး အင်းအားတိုးပွားလာအောင် လုပ်ဆောင်ခဲ့သည်။ အချို့သောပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို စစ်အာဏာရှင်ကိုဆန့်ကျင်နေသူများဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက လေ့ကျင့်သင်ကြားပေးခဲ့သည်။ ပကတိမြေပြင် အခြေအနေတွင် လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် အာဏာဖီဆန်ခဲ့ သည့်အစိုးရ ဝန်ထမ်းများကို ကာကွယ်ရန်နှင့် ခိုလှုံစရာပေးအပ်ရန် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက အဓိကလုပ် ဆောင်ပေးနေသည်။ နေရပ်စွန့်ခွာထွက်ပြေးနေရသူများကို အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့ကူညီ နိုင်ရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက အရပ်ဘက်အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ကိုင်နေသည်။

---

1 “CDM nominated for Nobel Peace Prize,” *Frontier Myanmar,* 27 March 2021

2 “Myanmar's Shadow Government Announces 'Defensive War,'” *Voice of America,* 8 September 2021

စစ်အုပ်စုတို့က ဒီမိုကရေစီစနစ်ကို ငြင်းဆန်လိုက်သဖြင့် ထောင်ပေါင်းများစွာသော ပြည်သူများသည် နေရပ်စွန့်ခွာထွက်ပြေး နေရပြီး အများအပြားမှာ ပုန်းအောင်းနေရသည်။ ၎င်းတို့သည် ၎င်းတို့၏အသက်အန္တရာယ်အတွက် သာမက မိသားစုဝင် များ၏အသက်အန္တရာယ်အတွက်ပါ စိုးရိမ်ပူပန်နေရသည်။ တင်းမာမှုများက ဆက်လက် မြင့်တက်နေ ဆဲဖြစ်ပြီး အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်ရက်စက်မှုများကိုလည်း စစ်အုပ်စုတို့က ရပ်တန့်ခြင်း အရှိန်လျှော့ချခြင်းအလျင်း မရှိသေးပေ။ စစ်အုပ်စုတို့သည် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေပြီး အစုလိုက် အပြုံလိုက်သတ်ဖြတ်ခြင်းအထိပါ ကျူးလွန်နေခဲ့ကြသည်။

ခက်ခဲပင်ပန်းပြီး ရှုပ်ထွေးမှုများနှင့် မသေချာမှုများ ပြည့်နှက်နေသည့်ကာလတစ်ခု ဖြစ်သည်။ ပြစ်တင်ဝေဖန် မှုများကိုသာ ပြုလုပ်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အုပ်စုတို့ကို ၎င်းတို့ကျူးလွန်မှုများအတွက် တာဝန်ခံလာရန် လုပ်ဆောင်နိုင်စွမ်း မရှိချေ။ စကားလုံးများ၊ ကြေညာချက်များက မြန်မာပြည်သူလူထုတို့ ခံစားနေရသည့် ဒုက္ခများကို ကုစားနိုင်စွမ်း မရှိချေ။ စစ်အုပ်စုတို့က ၎င်းတို့ကျူးလွန်မှုများအတွက် တာဝန်ခံရအောင် လုပ်ဆောင်ရန်နိုင်သည့် အဆင့်များလည်း  ရှိနေပါသည်။ ၎င်းတို့တွင် လက်နက်ကူးသန်းရောင်းဝယ်ခွင့်ပိတ်ပင်ခြင်းနှင့် စစ်အုပ်စုတို့ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ခုံရုံးသို့ ပို့ဆောင်ခြင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် လက်ရှိတွင် အကြပ်အတည်းအတွင်းသို့ ကျရောက်နေသည်။ အထူးသဖြင့် အရှေ့တောင်ပိုင်းဒေသရှိ ပြည်သူများသည် ဖယ်ကျဉ်ခံရမှုများ၊ ကြောက်ရွံ့ထိတ်လန့်မှုများနှင့် အနာဂတ်အတွက် မသေချာမရေရာမှုများကို ခံစားနေရသည်။ တိုင်းပြည်က ပရမ်းပတာဖြစ်နေမှုအတွက် စစ်အုပ်စုတို့တွင် တာဝန်ရှိနေပြီး စစ်အုပ်စုတို့၏မတရားမှုများကြောင့် နောက်ဆက်တွဲဆိုးကျိုးများသည်လည်း ကာလ ရှည်ကြာ ဖြစ်ပွားနေမည် ဖြစ်သည်။



## ၁-၁) အချက်အလက်ကောက်ခံရာ ပစ်မှတ်ဒေသများ၏ နောက်ခံသမိုင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းတို့တွင် အခြေပြုလှုပ်ရှားနေသည့်အဖွဲ့ဖြစ်သည်။ အဆိုပါဒေသများတွင် စီမံကိန်းနှင့် အစီအစဉ်များကို နှစ်ပေါင်း များစွာ အောင်မြင်စွာလုပ်ကိုင်နိုင်ခဲ့သည်။ သို့သော် စစ်အုပ်စုတို့မှ အာဏာသိမ်းမှုကြံစည်လိုက်ပြီးနောက်ပိုင်း မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းသည် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများအပါအဝင် အခက်အခဲများစွာကို သိသိသာသာကြုံ တွေ့လာရသည်။ မည်သို့ ပင်ဆိုစေကာမူ ပစ်မှတ်ထားဒေသများဖြစ်သည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးအခြေအနေများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်သည်။

ကန့်သတ်မှုများနှင့် စွန့်စားရမှုများ ရှိနေလင့်ကစား စစ်အုပ်စုတို့၏လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင် နိုင်ရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်။ ဤအစီရင်ခံစာရေးသားနေချိန်တွင်ပင် ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ နောက်ပိုင်း သတ်ဖြတ်ခံရမှု (၁၆၀) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၅၇၀) မှုနှင့် မတရားဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းခံရမှု (၂,၉၅၀) မှုတို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်သည်။ ယခုကိန်းဂဏန်းများသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေး ရှင်းက စုဆောင်းရရှိ သည့်အချက်အလက်များအရသာဖြစ်ပြီး အမှန်တကယ်ဖြစ်ပွားခဲ့သည့်ကိန်းဂဏန်းသည် ယခုအ ရေအတွက်ထက် ပိုမိုများ ပြားနေမည်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းကဲ့သို့သော ပြည်တွင်းအခြေစိုက် လူ့အခွင့်အရေးအဖွဲ့များက ဖမ်းဆီးသတ်ဖြတ်ခံရမှုများနှင့် ဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းခံရသူများ စာရင်းကို နေ့စဉ်ထုတ် ပြန်ပေးနေသည်။ စစ်အာဏာရှင်ကိုဆန့်ကျင်သည် ထောင်ပေါင်းများစွာသော တက်ကြွလှုပ်ရှား သူများလည်း ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ တက်ကြွလှုပ်ရှားသူ (၃၀,၀၀၀) ကျော် နေရပ်စွန့်ခွာထွက် ပြေးတိမ်းရှောင်ခဲ့ရပြီးဖြစ် သည်။

နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အာဏာရှင်များအပေါ် ထိရောက်သည့်အရေးယူမှု မပြုလုပ်နိုင်ခြင်းက စစ်အုပ်စုတို့ကို ပိုမိုအတင့်ရဲစေပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ဆက်လက်လုယူဖျက်စီးနေဦးမည်ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက ကောက်ခံရရှိသော အချက်အလက်များအရ ကာကွယ်မှုနှင့် ခိုလှုံမှုရရှိရန်အတွက် ရွာသူရွာသားများ၏ နေရပ်စွန့်ခွာတိမ်းရှောင်ရမှုသည် တစ်နေ့တစ်ခြားအရေအတွက်များပြားလာသည်။ စစ်အုပ်စုတို့၏နယ်မြေရှင်းလင်းခြင်း၊ သွေးခွဲအုပ်ချုပ်ခြင်းနှင့် ဖြတ်လေးဖြတ်အစီအစဉ်များကြောင့် ထိုသို့ဖြစ်ပွားနေရခြင်း ဖြစ်သည်။

အာဏာသိမ်းပြီးသော်လည်း စစ်အုပ်စုတို့က တည်ငြိမ်မှုကို မထိန်းသိမ်းနိုင်သည့်အပြင် တရားဥပဒေစိုးမိုးမှုကိုပါ ပျက်စီးစေခဲ့ သည်။ အာဏာသိမ်းမှုကြောင့် ပညာရေးစနစ်ပျက်စီးခဲ့ရပြီး မွန်ပြည်နယ် ရေးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်မှ လူငယ်လူရွယ် (၄၀) ရာခိုင်နှုန်းမှာ မူးယစ်သားကောင် ဖြစ်နေရသည်။ ဘိန်းစာရွက်သုံးစွဲမှုသည် အမြင့်ဆုံးဖြစ်လာခဲ့ပြီး WY ဆေးပြားသည် ဒုတိယအမြင့်ဆုံး သုံးစွဲမှုဖြစ်လာသည်။ မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ထုတ် ပြန်ချက်အရ ၂၀၁၉ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲမှု (၄၀၆) မှုသာ ရှိခဲ့သော်လည်း ၂၀၂၀ တွင်မူ နှစ်ဆကျော်မြင့်တက်ကာ (၈၄၄) မှုအထိ ရှိလာခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ပစ်မှတ်ဧရိယာများအားလုံးတွင် တိုက်ပွဲများဖြစ်ပွားနေပြီး ဒေသခံပြည်သူများကို နေရပ်စွန့်ခွာတိမ်းရှောင်မှု ဖြစ်စေသည်။ ဒေသခံပြည်သူ အနည်းဆုံး (၃၀,၀၀၀) ခန့်သည် နေရပ်စွန့်ခွာရခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်းကို ကြုံတွေ့ခဲ့ရပြီး တစ်ချို့မှာ သတင်းအစအနမကြားနိုင်အောင်ပင် ပျောက်ဆုံးနေသည်။ အရာအားလုံးသည် မဆုံးနိုင်သော မသေချာမရေရာမှုအတွင်း သက်ဆင်းကျရောက်နေသည်။

ကရင်ပြည်နယ်တွင် တိုက်ပွဲများက ဒေသခံပြည်သူထောင်ပေါင်းများစွာကို တစ်ခြားပြည်နယ်သို့မဟုတ် ထုိင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ ထိုင်းအစိုးရကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရန် ပျက်ကွက်နေသည်။ သောင်းရင်းမြစ်ကမ်းနံဘေးတစ်လျှောက် ဆောက်လုပ်ထားသည့် ယာယီတဲများသည်လည်း မိုးသည်းထန်မှုကြောင့် အလွယ်တကူပင်ပျက်စီးခဲ့ရသည်။ သန့်ရှင်းသောသောက်သုံးရေ မရရှိမှု၊ အစားအသောက်မလုံလောက်မှုတို့ကြောင့် ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုတို့ကို ရောဂါများဖြစ်ပွားစေသည်။ ပြည်သူများသာမက လူ့အခွင့်အရေးကာကွယ်စောင့်ရှောင့်သူများပင် ကာကွယ်မှုနှင့် လုံခြုံမှုကို မရရှိကြချေ။ စစ်အာဏာရှင်များက မွေးမြူထားသည့် ထိုင်းမြန်မာသတင်းပေးများက ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ တက်ကြွလှုပ်ရှားသူများကို လိုက်လံချောင်းမြောင်းနေသည်။ စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများ ဖမ်းဆီးခံရပါက စစ်ကြောရေးစခန်းတွင် ပြင်းထန်စွာ နှိပ်စက်မေးမြန်းခံရကြောင်း ပြည်တွင်းပြည်ပလူ့အခွင့်အရေးအဖွဲ့များက ပြောသည်။[3]

စစ်အုပ်စုတို့က ထောက်ပံ့ပေးထားသည့် ပျူစောထီးဆိုသည့်အဖွဲ့များက အပစ်မဲ့ပြည်သူတို့ကို ခြိမ်းခြောက်ပြီး အကြမ်းဖက်နေမှုများကို တနင်္သာရီတိုင်းရှိ ဒေသခံပြည်သူများက ကြုံတွေ့နေရသည်။ နေအိမ်များ လုယက်ဖျက်စီးခံရခြင်း၊ မီးရှို့ခံရခြင်းနှင့် ဥပဒေမဲ့ချိတ်ပိတ်ခံရခြင်းများ ဖြစ်ပွားနေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းက ၂၀၂၀ ဩဂုတ်လတွင် ထုတ်ဝေခဲ့သည့် "The Rise of Pro-Junta Militias in Southeastern Burma" အစီရင်ခံစာအရ ပျူစောထီးအဖွဲ့များ၏ အကြမ်းဖက်မှုကို ဒေသခံပြည်သူ (၂၉) ဦး ကြုံတွေ့ခဲ့ရကြောင်း သိရသည်။[4] အများစုမှာ ထားဝယ်မြို့နယ်မှ

---

[3] [“Myanmar junta critics struggle to survive as Thai security increases,”] *Southeast Asia Globe,* 9 September 2022

[4] ["The Rise of Pro-Junta Militias in Southeastern Burma,"] *The Human Rights Foundation of Monland,* 3 August 2022

ဖြစ်ပြီး လူငယ်များဖြစ်သည်။ ကြုံရာကျပမ်း အကြမ်းဖက်မှုများ ရှိသကဲ့သို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ပစ်မှတ်ထားတိုက်ခိုက်သည့် အကြမ်းဖက်မှုများလည်း ရှိခဲ့သည်။ အခြေအနေမှာ စိုးရိမ်ဖွယ်ရာပင် ဖြစ်သည်။

စစ်အုပ်စုတို့က ကျောထောက်နောက်ခံပေးထားသည့် ပျူစောထီးနှင့် စွန်ရဲသွေးသောက်အဖွဲ့ (၂) ဖွဲ့သည် တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရှိ ကျေးရွာအတော်များများတွင် နေအိမ်များ ဖျက်စီးခြင်း၊ ရွာသူရွာသားများကို နှိပ်စက်ခြင်းနှင့် ဖိုးထောင်ခြင်းများ ပြုလုပ်ရာတွင် ဒေသအာဏာပိုင်များနှင့်ပင် ပူးပေါင်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

၂၀၂၂ ဇွန်လ (၂၁) ရက်နေ့တွင် စစ်သားနှင့် ပျူစောထီးများကို အပြည့်တင်ဆောင်လာသည့် စစ်ကား (၃) စီးသည် ဇာဒီကျေးရွာကို ည (၁၁) နာရီတွင် ရောက်ရှိလာခဲ့သည်။ ညွှေ့စာရင်းလာရောက်စစ်ဆေးသည်ဟု ပြောဆိုသော်လည်း တံခါးဖွင့်ရန်နှောင့်နှေးနေသည့်နေအိမ်များကို တံခါးဖျက်ပြီးဝင်ရောက်ခဲ့သည်။ ရွာသူရွာသားများကို ပါးရိုက်ခြင်း၊ ကန်ကျောက်ခြင်းနှင့် သေနတ်ဒင်ဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပျူစောထီးအဖွဲ့ဝင်များကလည်း ရွာသားတစ်ဦးကို နံရိုးကျိုးသည်အထိ ရိုက်နှက်ခဲ့သည်။

> **"ရွာထဲကို ညဘက်စစ်ကားတွေဝင်လာရင် အိမ်မှာမနေရဲတော့ဘူး။ ထွက်ပြေးနေရတယ်။ ထွက်ပြေးတာ မိရင်လည်း အရိုက်ခံရတယ်။ ညွှေ့စာရင်းစစ်တယ်ပြောပေမယ့် အပြစ်မဲ့ရွာသားတွေကို ဖမ်းဆီးနှိပ်စက်တာပဲ"** ဟု ရေဖြူမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြောပါသည်။[5]

စစ်ဆေးရေးဂိတ်များ ထားရှိကာ သွားလာနေကြသည့်ပြည်သူများကို စစ်ဆေးမေးမြန်းခြင်း၊ ၎င်းတို့၏ပိုင်ဆိုင်မှုများကို လုယူခြင်း၊ အတင်းအဓမ္မငွေကြေးတောင်းခံခြင်းများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက နိုင်ငံအနှံ့အပြားတွင် ကျူးလွန်နေသည်။ စစ်ဆေးရေးဂိတ်များတွင် ရပ်တန့်ပေးရန် နှောင့်နှေးပျက်ကွက်ခြင်းကြောင့် လူဒါဇင်ပေါင်းများစွာ ပစ်သတ်ခံခဲ့ရသည်။

စစ်အာဏာသိမ်းမှုကိုဆန့်ကျင်သူများ သို့မဟုတ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ပုန်းအောင်းနေသည်ဟု သံသယရှိပါကလည်း အပြစ်မဲ့ပြည်သူများကိုပါ တိုက်ခိုက်ရန် စစ်အုပ်စုတို့က ဝန်လေးခြင်းမရှိချေ။ စစ်သားများ၏ ရမ်းသမ်းပစ်ခတ် မှုများကြောင့် ပြည်သူများမှာ အကာအကွယ်မဲ့ကာ လုံခြုံမှု မရှိတော့ချေ။

---

5 https://rehmonnya.org/archives/7392?fbclid=IwAR07BCLs4zf45LouYjkWkeAqVCBg5dqe2f0Y_YY2mDsex2MSXN8DmqenuL4

အာဏာသိမ်းမှုကြောင့်ဖြစ်ပွားလာသည့် မတည်ငြိမ်မှုများနှင့် မသေချာမှုများကြောင့် ပြည်သူများမှာ ကြောက်အားပိုနေခဲ့ရသည်။ အခြေခံလွတ်လပ်ခွင့်အားလုံးဆုံးရှုံးခဲ့ရပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့သည့် သေနတ်ထောက်အုပ်ချုပ်မှုအောက်သို့ အလုံးစုံ ကျရောက်ခဲ့ရသည်။



# ၁- ၈) အစီရင်ခံစာ ပြုစုပုံ

အာဏာသိမ်းပြီးနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ကူညီနိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် နီးနီးကပ်ကပ်အလုပ်လုပ်ခဲ့သည်။ အဆိုပါတက်ကြွလှုပ်ရှားသူများတွင် ဆရာဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးလုပ်သားများ၊ ရှေ့နေများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် ရပ်ရွာခေါင်းဆောင်များအပြင် သံဃာတော်များလည်း ပါဝင်သည်။ လူ့အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် လူ့အခွင့်အရေးလုပ်ငန်းများအပြင် အာဏာဖီ ဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်သူများကို ထောက်ပံ့ခြင်းနှင့် စစ်ဘေးရှောင်များကို ကူညီခြင်းစသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့သည်။

၂၀၂၁ ဇွန်လမှ ၂၀၂၂ ဩဂုတ်လအတွင်း မွန်နှင့်ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ လူ့အခွင့်အရေးတက်ကြွ လှုပ်ရှားသူ အယောက် (၅၀) နှင့် တွေ့ဆုံခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ (၄) ကြိမ် ပြုလုပ်ကာ အာဏာသိမ်းပြီးနောက်ပိုင်း လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ဆွေးနွေးခဲ့သည်။ အဖွဲ့လိုက်ဆွေးနွေးခြင်းမှ အချက်အလက်များစွာ ရရှိခဲ့သည်။ ၎င်းတို့ထံမှ ဒေသတွင်း ပကတိအခြေအနေများကို သိရှိခဲ့ရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး နွေဦးတော်လှန်ရေးတွင် တစိတ်တပိုင်းအနေဖြင့် ပါဝင်ခဲ့သည့် ၎င်းတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ကွင်းဆင်းစေတနာ့ဝန်ထမ်းများနှင့် အမြဲတမ်းသတင်းထောက်များကို ထားရှိထားသကဲ့သို့ မြန်မာနိုင်ငံတစ်ခုလုံးတွင်လည်း လူ့အခွင့်အရေးဆိုင်ရာကွန်ရက်များ ဖြန့်ကျက်ထားသည်။ မွန်နှင့်ကရင်ပြည်နယ်များရှိ တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ရာဒေသတွင်လည်း အမြဲတမ်းသတင်းထောက် (၃) ဦးကို ခန့်အပ်ထားသည်။ ဤအစုအဖွဲ့ဖြင့် ပစ်မှတ်ဒေသ၏ လူ့အခွင့်အရေးအခြေအနေများကို အနီးကပ်စောင့်ကြည့်လေ့လာနေသည်။ အာဏာသိမ်းပြီးနောက်ပိုင်း တင်းကြပ်မှုများ ပြုလုပ်လာသဖြင့် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ဖြစ်လာကြောင်း တွေ့ရှိရသည်။

သို့သော် မြေပြင်တွင်အလုပ်လုပ်နေသူများက နေ့စဉ်ကြုံတွေ့နေရသည့် စွန့်စားရမှုများကို လစ်လျူရှုကာ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းကို အကောင်းဆုံးဆက်လက်လုပ်ဆောင်နေသည်။ ပြည်သူများ အကြောက်တရားကြီးထွားလာရန် စစ်အုပ်စုတို့ကဖန်တီးပြီး လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ လုံခြုံရေးကို ခြိမ်းခြောက်နေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအားလုံးသည် မြေပြင်တွင်ကွင်းဆင်း အလုပ်လုပ်နေသည့် အဖွဲ့ဝင်များနှင့် ကွန်ရက်များထံမှ ရရှိထားခြင်းဖြစ်သည်။ စစ်အုပ်စုတို့က တင်းကြပ်ထားခြင်းကြောင့် ပစ်မှတ်ဒေသအားလုံးတွင် အချက်အလက်များ ကောက်ခံစုဆောင်းရန် ပိုမိုခက်ခဲလာသည်။ အချက်အလက်များ ရရှိနိုင်ရန်အတွက်အဖွဲ့ဝင်များအားလုံးအနေဖြင့် စွန့်စားမှုများ ပြုလုပ်ခဲ့ရသည်။

စစ်အုပ်စုတို့က အဖွဲ့ဝင်များကို ခြေရာမခံမိနိုင်ရန် တိုက်ရိုက်ဖတ်ရှုရန်မဖြစ်နိုင်သည့် စကားဝှက်နည်းပညာကို အသုံးပြုပြီး ဆက်သွယ်လုပ်ဆောင်ခဲ့သည်။ စစ်အုပ်စုတို့က လူ့အခွင့်အရေးအတွက်အလုပ်လုပ်နေသူများကို ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ခြင်းများ ပြုလုပ်လေ့ရှိသည့်အပြင် ၎င်းတို့ကို သတင်းအချက်အလက်မျှဝေသူများကိုလည်း ခြိမ်းခြောက်တားမြစ်လေ့ရှိသည်။

မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ထိန်းချုပ်ထားသည့် လွတ်မြောက်နယ်မြေတွင်မူ လုံခြုံစိတ်ချစွာလုပ်ကိုင်နိုင်သော် အဆိုပါဒေသများ၏ အပြင်ဘက်တွင်မူ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် သက်သေစုဆောင်းခြင်းများသည် အန္တရာယ်များစွာရှိသည့်လုပ်ရပ် ဖြစ်သည်။ ညမထွက်ရအမိန့်များနှင့် COVID-19 ကူးစက်ရောဂါဆိုင်ရာတားမြစ်ချက်များက လုံခြုံရေးဆိုင်ရာကန့်သတ်ချက်များနှင့်အတူ သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းလုပ်ငန်းကို ကန့်သတ်လျက်ရှိသည်။

သတင်းအချက်အလက်များကောက်ခံစုဆောင်းရာတွင် ခန့်မှန်းထားသည်ထက်များစွာပိုမိုသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ မိမိတို့၏ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ ရဲဝံ့စွာမျှဝေပေးခဲ့သည့်သူများကို ကျွန်ုပ်တို့အဖွဲ့က ကျေးဇူးအထူးတင်ရှိပါသည်။



## ၁-ဃ) အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေများကို သုံးသပ်ခြင်း

အာဏာသိမ်းပြီးနောက်ပိုင်း ပြည်သူတို့၏ဥယျာဉ်ခြံမြေများ ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ပြန်လည်စတင်ခဲ့သည့် ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြောင့် ရေဖြူဒေသခံများ၏နေအိမ်များ ပျက်စီးခဲ့ပြီး လျော်ကြေးငွေများလည်း မရရှိခဲ့ချေ။ ၂၀၂၂ ဖေဖော်ဝါရီလတွင် ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပေါက်ပင်ကွင်းကျေးရွာတွင် မြေတိုင်းတာမှုတစ်ခုပြုလုပ်ခဲ့ရာ နေအိမ် (၁၂) လုံး ပျက်စီးခဲ့သည်။

ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက မြေနေရာကို ၂၀၀၂နှင့် ၂၀၀၃ ခုနှစ်ပတ်ဝန်းကျင်က ဝယ်ယူခဲ့သော်လည်း အသုံးပြုခြင်း မရှိခဲ့ချေ။ နောက်ပိုင်းတွင် ဒေသခံများက အဆိုပါမြေနေရာတွင် အိမ်ဆောက်လုပ်နေထိုင်ခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင်မှ စီမံကိန်းများ ပြန်လည်စတင်လာခဲ့ခြင်း ဖြစ်သည်။ ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ TOTAL ကုမ္ပဏီက နှုတ်ထွက်ခဲ့ခြင်းကြောင့် အဆိုပါစီမံကိန်းကို စစ်အုပ်စုတို့နှင့်ဂျပန်ကုမ္ပဏီတစ်ခုကသာ ပူးပေါင်း လုပ်ကိုင်နေသည်။

စစ်အုပ်စုတို့က အာဏာဆုပ်ကိုင်ရေးကိုသာ အာရုံစိုက်နေသဖြင့် လူ့အခွင့်အရေးများကို တရစပ်ချိုးဖောက်နေခဲ့သည်။ ကာလ ရှည်ကြာရပ်နားထားေသော ကြိုးပေးသတ်ဖြတ်မှုကိုပါ လုပ်ဆောင်လာသည်။ ထင်ရှားသော ဒီမိုကရေစီတက်ကြွလှုပ်ရှားသူ (၂) ဦးအပါအဝင် (၄) ဦးကို ကြိုးပေးသတ်ဖြတ်မည်ဟု စစ်ကောင်စီက ကြေညာခဲ့ခြင်းနှင့်ပတ်သက်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အခြားသောအဖွဲ့အစည်း (၁၉၈) ဖွဲ့နှင့်အတူ ရှုတ်ချမှုပြုလုပ်ခဲ့သည်။[6] သို့သော် စစ်အုပ်စုတို့က ကန့်ကွက်ရှုတ်ချမှုအားလုံးကို လစ်လျူရှုကာ ကြေညာပြီးတစ်လအကြာတွင် ကြိုးပေးကွပ်မျက်ခြင်းကို ပြုလုပ်ခဲ့သည်။[7]

ပြည်သူများမှာ နေ့စဉ်နှင့်အမျှ စစ်အုပ်စုတို့၏လုယက်ခြင်းကို ခံစားနေရသည်။ ကရင်ပြည်နယ်တွင် စစ်အုပ်စုတို့က လက်ကိုင်ဖုန်းနှင့် ယာဉ်များအပြင် ငွေကြေးများကိုပါ လုယူနေသည်။ ဘားအံ-လမ်းမတစ်လျှောက် စစ်အုပ်စုတို့က ကင်းပုန်းချထားပြီး ဒေသခံများနှင့် ခရီးသွားများထံမှ လုယက်မှုများ ကျူးလွန်နေသည်။ ယာဉ်မောင်းလိုင်စင်မရှိခြင်းကြောင့် စစ်အုပ်စုတို့က သူ၏သားဖြစ်သူကို ဒဏ်ငွေ (၅၀,၀၀၀) ကျပ် ပေးဆောင်စေကြောင်း အမျိုးသမီးတစ်ဦးက မွန်ပြည်လူ့အခွင့်အရေး

---

[6] ["International Community and Concerned Organizations Call For Ending Four Burmese Activists Executions,"](#) *199 International and Myanmar Organizations,* 6 June 2022

[7] ["Myanmar Executes Four Men, Including Two Prominent Democracy Activists,"](#) *Washington Post,* 25 July 2022

ဖောင်ဒေးရှင်းကို ပြောပါသည်။ သို့သော် လိုင်စင်ရှိသည့်သူများပါ ပိုက်ဆံပေးနေရသည်။ "ဒါမျိုးတွေက နေ့တိုင်းဖြစ်ပျက်နေတဲ့ဟာတွေပဲ" ဟု ၎င်းအမျိုးသမီးက ပြောပါသည်။

အတင်းအကြပ်စစ်မှုထမ်းစေခြင်းကလည်း ပစ်မှတ်ထားဒေသများတွင် စိုးရိမ်ဖွယ်ရာဖြစ်ပွားလာသည်။ ပြန်ပေးဆွဲပြီး အတင်းအကြပ်စစ်မှုထမ်းစေခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ထားဝယ်နှင့်ရေဖြူဒေသခံ (၆၀) ကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ဒေသအခြေစိုက်မောရဝတီရေတပ်က မဟုတ်မမှန်သည့်မက်လုံးများပေးကာ စစ်အင်အားစုဆောင်းနေသဖြင့် ၎င်းတို့မှာ နေရပ်သို့ပြန်နိုင်ခြင်း မရှိသေးချေ။

မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်း လုံခြုံရေးအတွက်ဟုဆိုကာ စစ်အုပ်စုတို့က အင်အားအများအပြား ချထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများကို ဂုဏ်သိက္ခာထိခိုက်စေသည်အထိ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်။

> **“သူတို့က ယောကျ်ားလေးတွေဆို အဓိကထားစစ်ဆေးတယ်။ အိတ်တွေ ကျောပိုးအိတ်တွေကို ဖွင့်ခိုင်းတယ်။ ဆဲဆိုပြီး လူတွေကို အပြစ်သားလိုပဲ ဆက်ဆံတယ်။ အရပ်ဝတ်လုံခြုံရေးတွေပါ ချထားပြီး လူတွေကို စောင့်ကြည့်နေတယ်**" ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောပါသည်။



အာဏာသိမ်းမှုကိုဆန့်ကျင်သူများက မွန်ပြည်နယ်တွင် လာရောက်ပုန်းခိုနေသည်ဟု စစ်အုပ်စုတို့က ယူဆသဖြင့် တက်ကြွလှုပ်ရှားသူများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးနိုင်ရန် စောင့်ကြည့်မှုနှင့် စစ်ဆေးမှုများကို ပိုမိုတင်းကြပ်လာသည်။[8]

၂၀၂၂ ဧပြီလ (၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၌ လက်ကိုင်ဖုန်းနှင့် အင်တာနက်ဆက်သွယ်မှုများ ဖြတ်တောက်ခံလိုက်ရသည်။ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာအနီးတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် အာဏာသိမ်းစစ်အုပ်တို့တို့အကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသဖြင့် ဆက်သွယ်မှုကွန်ရက်များအားလုံးကို ဖြတ်တောက်ထားခြင်း ဖြစ်သည်။

အာဏာသိမ်းပြီးနောက် အခြေအနေအားလုံးသည် မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသဖြင့် ပစ်မှတ်ထားဒေသမှ ပြည်သူများအားလုံးသည် စိုးရိမ်ထိတ်လန့်မှုနှင့် ရှင်သန်နေရသည်။ မွန်ပြည်နယ်တွင် မွန်နိုင်ငံရေးပါတီဖြစ်သည့် မွန်ညီညွတ်ရေးပါတီနှင့် မွန်တိုင်းရင်းသားလက်နက်ကိုင်ပါတီဖြစ်သည့် မွန်ပြည်သစ်ပါတီတို့ နှစ်ခုစလုံးက စစ်ကောင်စီနှင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နေသဖြင့် မွန်ပြည်သူများက စိတ်ပျက်နေကြသည်။ အဆိုပါထိတွေ့ဆက်ဆံမှုကို မွန်ပြည်သူအများအပြားက လူမှုကွန်ရက်တွင် ဝေဖန်ပြစ်တင်နေကြသည်။



8 https://rehmonnya.org/archives/7373?fbclid=IwAR2ulXgA4oigoRU2B_65WZPlUjInx4fzYgYz4EoQnQTpp6j8C1ypjlq48so

# အပိုင်း (၂)

## ၂-က) စစ်အုပ်စုတို့၏ အာဏာသိမ်းကြံစည်မှုနောက်ပိုင်း ပြည်သူများ၏ လုံခြုံမှု အခြေအနေများ

ပြည်သူလူထု၏ဘဝသည် ခက်ခဲကြမ်းတမ်းပြီး မသေချာမရေရာမှုများဖြင့် ပြည့်နှက်နေသည်။ ပြည်သူတို့၏လုံခြုံမှုကို အာဏာပိုင်တို့က မျက်ကွယ်ပြုထားပြီး စစ်အာဏာရှင်စနစ်ကို စိန်ခေါ်သူတိုင်းကို အကြမ်းဖက်နေသည်။ အာဏာသိမ်းပြီးနောက်ပိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်မြင့်တက်လာသည်။ မလုံခြုံမှုကြောင့် ပြည်သူများသည် တောတောင်ထဲသို့လည်းကောင်း နီးစပ်ရာအိမ်နီးနားချင်းနိုင်ငံသို့လည်း ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်အုပ်စုတို့က ပစ်သတ် မည်ကို ကြောက်ရွံ့၍လည်းကောင်း၊ မြေမြှုပ်မိုင်းအန္တရာယ်ကြောင့်လည်းကောင်း နေရင်းရပ်ရွာသို့ ပြန်လည်ဝင်ရောက် နေထိုင်ခြင်း မပြုနိုင်သေးချေ။

မလုံခြုံမှုသည် နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသည်။ လူမှုစီးပွားကဏ္ဍအထိ ရိုက်ခတ်လာသည်။ အဆိုးရွားဆုံးထိခိုက်ခံစားရသူများမှာ ပြည်သူများပင် ဖြစ်သည်။ နေရင်းရပ်ရွာကို စွန့်ခွာပြီး အိမ်နီးနားချင်းနိုင်ငံတွင် ခိုလှုံနေရသည့်တိုင် အခက်အခဲပေါင်း မြောက်မြားစွာကြုံတွေ့နေရဆဲ ဖြစ်သည်။



တက်ကြွလှုပ်ရှားသူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များကို စစ်အုပ်စုတို့လက်ကိုင်တုတ် ပျူစောထီး၊ သွေးသောက်နှင့် စွန်ရဲကဲ့သို့သောအဖွဲ့များက ပစ်မှတ်ထားတိုက်ခိုက်နေသည်။[9] ၎င်းအဖွဲ့များကို စစ်အုပ်စုတို့က သင်တန်းပေးကာ လက်နက်တပ်ဆင်ပေးထားသည်။ ၎င်းတို့က စစ်အုပ်စုတို့ကိုယ်စား အကြမ်းဖက်မှုများကို လုပ်ကိုင်ပေးနေသည်။ ပြည်သူလူထုကို သတ်ဖြတ်ခြင်း၊ ထိခိုက်ဒဏ်ရာရစေခြင်း၊ အကြမ်းဖက်ခြင်းများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသည်။

လူ့အခွင့်အရေးကာကွယ်သူများအတွက်မူ ယခုအခြေအနေသည် အရေးပေါ်အခြေအနေဖြစ်သည်။စစ်အုပ်စုတို့၏ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က တိုင်းရင်းသားဒေသများသို့ ပိုမိုရောက်ရှိလာသည်။ အာဏာသိမ်းမှုကို ဆန့်ကျင် သူများအား မတရားဖမ်းဆီးချုပ်နှောင်များ ပြုလုပ်နေသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ရန် မည်သို့မျှ မဖြစ်နိုင်တော့ချေ။

ဆန္ဒဖော်ထုတ်သူများကို ဖိနှပ်ရန်နှင့် ဖြိုခွင်းရန်အတွက် ရာဇသတ်ကြီးဥပဒေ အခန်း (က) နှင့် (ခ) တို့ကို လက်ကိုင်တုတ်သဖွယ် အသုံးပြုနေသည်။ ရာဇသတ်ကြီးဥပဒေ[10]တွင် အငြင်းပွားဖွယ်များ ရှိနေပြီး တစ်ချို့မှာ ပြဿနာပင်ရှိနေသည်။ အာဏာမသိမ်းမီအချိန်ကပင် ဥပဒေကို အသုံးချပြီး လူ့အခွင့်အရေးလှုပ်ရှားသူများကို ဖိနှိပ်ခဲ့သည်။ အဆုိပါဥပဒေ၏ ၂၀၁၆ ပြင်ဆင်ချက်တွင် အကြည်ညိုပျက်စေမှုကို ထည့်သွင်းလာသည်။[11] ရာဇသတ်ကြီးဥပဒေသည် ခေတ်မမီတော့သည့်ဥပဒေတစ်ခုအဖြစ် ဝေဖန်ခံနေရသည်။ ၂၀၁၇ တွင် အဆိုပါဥပဒေကို ပြင်ဆင်ရန် အရပ်ဘက်အဖွဲ့အစည်းများက

---

9"The Rise of Pro-Junta Militias in Southeastern Burma," *The Human Rights Foundation of Monland,* 3 August 2022

10See: Myanmar Penal Code

11Penal Code, Free Expression Myanmar, 1 January 2017

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်တွန်းခဲ့သော်လည်း[12] ထိုအချိန်တွင် အဆိုပါတိုက်တွန်းမှုကို ဦးစားပေးလုပ်ဆောင်ရမည့်အရာအဖြစ် အဖွဲ့ချုပ်က မသတ်မှတ်ခဲ့ချေ။

တရားစွဲဆိုခံရသည့် တက်ကြွလှုပ်ရှားသူများသည် စစ်အုပ်စုတို့ထိန်းချုပ်သည့်တရားရုံးများတွင် တရားမျှတမှုကို မရရှိခဲ့ကြချေ။ အကျင့်ပျက်ခြစားမှုပြည့်နှက်နေသည့် တရားစီရင်ရေးစနစ်တွင် ဥပဒေဆိုင်ရာရပိုင်ခွင့်များ ဆုံးရှုံးခဲ့ကြသည်။ နုိင်ငံရေးအကျဉ်းသားများအနေဖြင့် ရှေ့နေငှားရမ်းရန် ငြင်းပယ်ခံခဲ့ရသည်။ ရှေ့ေနများကိုယ်တိုင်ပင် စစ်အုပ်စုတို့၏ ပစ်မှတ် ဖြစ်လာခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းခံရသူများ ရှိလာခဲ့သည်။ တရားဥပဒေကို ကာကွယ်စောင့်ရှောက်သူများ အတွက် အန္တရာယ်များလာသည်။



တရားစီရင်ရေးတစ်ခုလုံးကိုလည်း စစ်အုပ်စုတို့က မောင်ပိုင်စီးထားသည့် သက်သေသာဓကပေါင်းများစွာကို မှတ်တမ်းပြုထားသည်။ အာဏာသိမ်းပြီးပြီးချင်း စတင်လုပ်ဆောင်ခဲ့သည့် အလုပ်သည် ဥပဒေများကို လိုသလိုပြင်ဆင်ခြင်း ဖြစ်သည်။[13] တက်ကြွလှုပ်ရှားသူများ၏ အမှုများကို အချိန်ကြာမြင့်စွာ စီရင်သဖြင့် တရားစရိတ် များ ပိုမိုကုန်ကျလာသည်။ တရားရုံးနှင့်ဝေးကွာသည့်နေရာတွင် နေထိုင်သူဖြစ်ပါက ခရီးစရိတ်များစွာကုန်ကျသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်း လုံးတမရှိတော့ချေ။

မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများအနေဖြင့် ပေါ်ပေါ်ထင်ထင်ခြိမ်းခြောက်ခံနေရသည်။

[12]“Penal Code not a priority,” says NLD Free Expression Myanmar, 1 January 2017

[13]“Myanmar: Post-Coup Legal Changes Erode Human Rights,” *Human Rights Watch,* March 2021

တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတော့သဖြင့် စစ်သားများကအစ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ဆက်ကြေးတောင်းခြင်းများကို လုပ်ဆောင်လာသည်။ ပြည်သူလူထုမှာ တစ်ပူပေါ်နှစ်ပူဆင့် အတိဒုက္ခရောက်ကြရသည်။ ကရင်ပြည်နယ် ဘားအံမြို့တွင် စစ်အုပ်စုတို့က ပြည်သူလူထုကို ကာကွယ်ခြင်းမပြုလုပ်သည်သာမက ၎င်းတို့၏လက်ကိုင်တုတ်အဖွဲ့များကို လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်စေရန် ခွင့်ပြုထားသည်။ အရပ်ဝတ်လုံခြုံရေးတပ်ဖွဲ့ဝင်များရှိသည့် စစ်ဆေးရေးဂိတ်ကို ဖြတ် သန်းရန် အတွက် လူတစ်ဦးလျှင် ငွေကျပ် (၂၀,၀၀၀) မှ (၅၀,၀၀၀) အထိ ပေးချေခဲ့ရသည်ဟု ဒေသခံများက ပြောသည်။

စစ်အုပ်စုတို့က မြို့နယ်အတော်များများတွင် ပုဒ်မ (၁၄၄) ညမထွက်ရအမိန့်ထုတ်ပြန်လိုက်သဖြင့် လုံခြုံရေးအခြေအနေ အရ စိုးရိမ်ဖွယ်ဖြစ်လာသည်။ ရာဘာခြံလုပ်သားများ ညဘက်အချိန်တွင် ရာဘာခြံသို့ မသွားရောက်အလုပ်မလုပ် နိုင်သဖြင့် များစွာအတိဒုက္ခရောက်ခဲ့ရသည်။



**"ရာဘာခြံမှာ သွားနေပြန်တော့လည်း အိမ်မှာကျန်ခဲ့တဲ့မိသားစုအတွက် ပူပန်ရပြန်တယ်"** ဟု မုဒုံမြို့နယ်မှ ရာဘာခြံပိုင် ရှင်တစ်ဦးက ပြောသည်။ ညဘက်တွင် ရာဘာခြံသို့သွားရောက်အလုပ်လုပ်နိုင်ရန်အတွက် ခွင့်ပြုကဒ်ပြားရရှိရန် မုဒုံနယ် ခံများက စစ်ကောင်စီကို ငွေကြေးပေးခဲ့ရသည်။

စစ်အုပ်စုတို့က မဆင်မခြင်ရမ်းသမ်းပစ်သတ်မှုများကြောင့် ရေးတောင်ပိုင်းမှာ ရာဘာခြံလုပ်သားများကလည်း အသက် အန္တရာယ် စိုးရိမ်နေရသည်။

**“အလုပ်လုပ်နေတုန်း တိုက်ပွဲဖြစ်မှာကို အကြောက်ဆုံးပဲ။ ကိုယ့်အလုပ်ကလည်း ညဘက်မှာ လုပ်ရတာလေ။ အရင်တုန်းကတော့ ဘာမှမဖြစ်ဘူး။ ခုက အကုန်လုံးက သေနတ်တွေနဲ့။ သူတို့နဲ့တိုးရင် ကိုယ့်ကို ပစ်ထည့်လိုက်မှာ။ အပြစ်မဲ့ရွာသားတွေ ပစ်သတ်ခံနေရတာ ကြား နေရတာပဲ။ ကြောက်နေရတာပေါ့"** ဟု ရေးတောင်ပိုင်းမှ ရာဘာခြံလုပ်သားတစ်ဦးက ပြော သည်။ ၂၀၂၂ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ရေးတောင်ပိုင်း ကလော့ကျေးရွာမှ ဒေ သခံတစ်ဦးကို ညဘက်အပြင်ထွက်သည်ဟုဆိုကာ စစ်ကောင်စီက ပစ်သတ်ခဲ့သည်။

ကျောင်းဆရာဆရာမများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် အာဏာဖီဆန်မှုကြောင့် ၎င်းတို့၏ဘဝနှင့် အသက် မွေးဝမ်းကျောင်းအတွက် ခြိမ်းခြောက်ခံနေရသည်။ ဆေးပညာဝန်ထမ်း (၅၂) ဦး အလုပ်ထုတ်ခံရခြင်းနှင့်အတူ တက်ကြွ လှုပ်ရှားသူ (၆) ဦးက အနည်းဆုံးထောင်ဒဏ် (၂) နှစ် ချမှတ်ခံရကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေး ရှင်း က ၂၀၂၂ မေလတွင် အစီရင်ခံခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီလှုပ်ရှားမှုများကြောင့် ဆေးပညာဝန်ထမ်းများ တစ်လလျှင် အနည်းဆုံး တစ်ဒါဇင်ခန့် အလုပ်အထုတတ်ခံနေရသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများသည် တောက်လျှောက်ပစ်မှတ် ထားခံနေရသည်။ ၂၀၂၂ ဇွန်လ (၂၂) ရက်နေ့တွင် စစ်အုပ်စုတို့ကဖမ်းဆီးခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် တစ်ဦးကို ၂၀၂၂ ဇူလိုင်လ (၇) ရက်နေ့တွင် သေဆုံးလျက်ပြန်တွေ့ခဲ့သည်။ ဒေသခံများ၏ပြောပြချက်အရ ဦးကျော် မျိုးမင်းနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များဖြစ်သူ ဦးပန်းမြင့်နှင့် ဦးကိုကိုမောင်တို့ကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါခီး ကျေးရွာတွင် စစ်အုပ်စုတို့က မတရားဖမ်းဆီးသွားခဲ့ခြင်း ဖြစ်သည်။

စစ်အာဏာရှင်လက်အောက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ လုံခြုံမှုမရှိသည်မှာ သေချာလှသည်။ ၂၀၂၁ ဖေဖော် ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ပြည်သူတို့၏လူနေမှုဘဝသည် ချွတ်ခြုံကျခဲ့ရသည်။ ပြည်သူတို့၏လူနေမှုဘဝကို အကာ အကွယ်ပေးသည့်ယန္တရားအားလုံး ပျက်စီးခဲ့သည်။ ပြည်သူတို့၏လူမှုဘဝခက်ခဲအောင် စစ်အုပ်စုတို့က နေ့စဉ်နှင့်အမျှ လုပ် ဆောင်နေသည်။





## ၂-ခ) လူ့အခွင့်အရေးချိုးဖောက်မှုများ

အောက်ဖော်ပြပါ လူ့အခွင့်အရေးချုိးဖောက်မှုဖြစ်စဉ်များသည် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်နိုင်ခဲ့သည့်ဖြစ်ရပ်များ ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားနေသည့် ချိုးဖောက်မှုများက ပြည်သူတစ်ရပ်လုံးကို ဆိုးဆိုးရွားရွားထိခိုက်နစ်နာစေသည်။ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု မရှိခြင်းတို့ကြောင့် မတည်ငြိမ်မှုများက ပိုမိုဆိုးရွားလာသည်။ ဖမ်းဆီးခြင်းများရှိနေသည့်တိုင် ပြည်သူများက အိမ်နီးချင်းတိုင်းပြည်များသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

## ၂-ခ-၁) ဥပဒေမဲ့သတ်ဖြတ်ခြင်းများ

အာဏာကိုဆုပ်ကိုင်နိုင်ရန်အတွက် စစ်အုပ်စုတို့က မည်မျှစိတ်ပိုင်းဖြတ်ထားသည်ကို သတ်ဖြတ်ခံရသည့်လူအရေအတွက်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။ နိုင်ငံသားတို့၏အခွင့်အရေးကို အကာအကွယ်ပေးရမည့်အစား ပြည်သူလူထုကို စစ်တပ်က ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်နေသည်။

## ၂၀၂၁ ဧပြီလ (၇) ရက်နေ့

ကော့သောင်းဒေသခံတစ်ဦးကို စစ်ကြောရေးစခန်းတွင် စစ်အုပ်စုတို့က သတ်ဖြတ်ခဲ့သည်။ သေဆုံးသူမှာ ရဲမင်းထွန်း အသက် (၃၂) နှစ် ဖြစ်ပြီး ဖမ်းဆီးခံရပြီး (၅) ရက်အကြာတွင် သတ်ဖြတ်ခံရခြင်းဖြစ်သည်။ ရဲမင်းထွန်း သေဆုံး ပြီးဖြစ်ကြောင်းနှင့် အလောင်းကို ဆေးရုံတွင် လာရောက်ထုတ်ယူရန် အရာရှိများက မိသားစုဝင်များကို ဧပြီလ (၆) ရက်နေ့တွင် အကြောင်းကြားခဲ့သည်။

## ၂၀၂၁ ဧပြီလ (၉) ရက်နေ့

မွန်ပြည်နယ် အနောက်ဘက်နယ်စပ်တွင် ဆန္ဒပြသူ (၁၅) ဦးကို ရဲတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပြီး အခြား (၃၈) ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အုပ်စုတို့က လမ်းအားလုံးကို ပိတ်ပင်လိုက်သဖြင့် သေဆုံးသူများ၏အလောင်းများကို ပြန်လည်ရရှိခြင်းမရှိချေ။ လူရာပေါင်းများစွာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

## ၂၀၂၁ ဧပြီလ (၂၆) ရက်နေ့

ညနေ (၇) နာရီ (၁၅) မိနစ်အချိန်တွင် ရုံးကြီးလမ်းဆုံရှိ အသက် (၂၈) နှစ်အရွယ် ဆန္ဒပြသူအမျိုးသမီး တစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သည်။ အခြားဆန္ဒပြသူများလည်း ဖမ်းဆီးခံခဲ့ရကြောင်း ဒေသခံများက ပြော သည်။

## ၂၀၂၁ ဧပြီလ (၇) ရက်နေ့

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မှ ဒေသခံ (၂) ဦးကို စစ်အုပ်စုတို့က ကားဖြင့်တိုက်သတ်ခဲ့သည်။ လိုက်လံဖမ်းဆီးပြီး ကားဖြင့်တိုက်သတ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ဆိုသည်။

## ၂၀၂၁ မေလ (၂၇) ရက်နေ့

ထားဝယ်မြို့ ကြက်စာပြင်ရပ်ကွက်မှ စစ်အုပ်စုတို့က ရမ်းသမ်းပစ်ခတ်မှုကြောင့် အသက် (၄၀) အရွယ် ဒေသခံတစ်ဦး သေဆုံးခဲ့သည်။ စစ်သားအယောက် (၂၀) ခန့်က သေနတ်ဖြင့် အချက်ပေါင်းများစွာ

ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်ခံရသူ ကိုအိဇာသည် နေအိမ်ရှေ့တွင်ပင် သေဆုံးခဲ့ရပြီး ၎င်း၏အလောင်းကိုမူ စစ်အုပ်စုတို့က ယူဆောင်သွားသည်။

## ၂၀၂၁ မေလ (၃၀) ရက်နေ့

ည (၁၀) နာရီ မိနစ် (၂၀) ခန့်တွင် စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အသစ်ခန့်အပ်ထားသည့်အုပ်ချုပ်ရေးမှူးများပါဝင်သော အင်အား (၂၀) ခန့်ရှိသည့်အဖွဲ့တစ်ခုသည် ထားဝယ်၊ လောင်းလုံးမြို့နယ် အရှေ့မျှော်ရစ်နှင့် ပြင်ကြီးကျေးရွာသို့ ဝင်ရောက်လာပြီး သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်။ အဆိုပါပစ်ခတ်မှုအတွင်း အသက် (၃၀) အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အသက် (၅) နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် အသက် (၄၀) နှစ်အရွယ် မိခင်တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ သေဆုံးသူအမျိုးသမီးမှာ ပြင်ကြီးကျေးရွာမှ မအေးအေးချိုဆိုသူဖြစ်ပြီး မစန်းပိုမှာ ဝဲဘက်လက်ဖဝါးတွင် ဒဏ်ရာရရှိခဲ့ပြီး သူ၏ အသက် (၅) နှစ်အရွယ်သားဖြစ်သူမှာ ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။

## ၂၀၂၂ ဇွန်လ (၁၅) ရက်နေ့

ညနေ (၄) နာရီခန့်အချိန်တွင် အင်အား (၁၂) ဦးပါ စစ်အုပ်စုတို့ထောက်ခံသည့်အဖွဲ့တစ်ခုက ရေဖြူမြို့နယ် ကေနိကျေးရွာသို့ ဝင်ရောက်လာခဲ့ပြီး အသက် (၂၂) အရွယ် ကိုမျိုးကိုနှင့် သူ၏သူငယ်ချင်းဖြစ်သူ အသက် (၂၃) နှစ်အရွယ် ရဲပိုင်တို့ကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောပါသည်။ အဆိုပါကျေးရွာစီးနင်းမှုအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ဦးကြည်ငွေ၏နေ အိမ်ကို ဖုံးခွဲဖျက်စီးခဲ့ပြီး ကျေးရွာအတွင်း ရမ်းသမ်းပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါအဖွဲ့ ၏အမှတ်တံဆိပ်ကို ကျေးရွာအနှံ့ ဖြန့်ကျဲခဲ့သည်။ အဆိုပါဒေသတွင် ဥပဒေမဲ့သတ်ဖြတ်မှုများ မကြာခဏဖြစ်ပွားနေသည်။ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်နေခြင်းအပေါ် စစ်အုပ်စုတို့အပါအဝင် မည်သည့် အာဏာပိုင်ကမှ တာဝန်ယူမှု မရှိချေ။ "**ကျွန်တော်တို့ဘဝကတော့ တကယ့်စစ်တလင်းမှာ နေ,နေရ တာပဲ**" ဟု ရေဖြူမြ့ိုနယ် ဝက်ချောင်းရွာမှ အသက် (၄၅) နှစ်အရွယ် ဒေသခံတစ်ဦးက ပြောပါ သည်။

## ၂၀၂၂ ဇွန်လ (၂၆) ရက်နေ့

အမှတ် (၄၆) ခြေလျင်တပ်ရင်းမှ ပူးပေါင်းအဖွဲ့က လောင်းလုံမြို့နယ်မှ နေအိမ် (၅) လုံးကို စီးနင်းခဲ့သည်။ အသက် (၆၀) အရွယ် ဇနီးမောင်နှံ (၂) ဦးကို ဖမ်းဆီးပြီး လက်နောက်ပြန်ကြိုးတုပ်ကာ အနီး

ကပ်ပစ်သတ်ခဲ့သည်။ သေဆုံးသူများမှာ ကဒတ်ကြီးကျေးရွာမှ အသက် (၆၁) နှစ်အရွယ် ဦးသောင်းဝင်းနှင့် အသက် (၆၂) နှစ်အရွယ် ဒေါ်ဝင်းအေးတို့ ဖြစ်သည်။ ၎င်းတို့နေအိမ်မှာလည်း အဖျက်ဆီးခံလိုက်ရပြီး ငွေကြေးနှင့် တန်ဖိုးရှိပစ္စည်းများလည်း လုယက်ခံလိုက်ရသည်။

### ၂၀၂၂ ဇူလိုင်လ (၁၀) ရက်နေ့

ထားဝယ်၊ သရက်ချောင်းမြို့နယ် ကျောက်လှေကားရွာကို စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ရွာသား (၅) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟု စွပ်စွဲကာ သတ်ဖြတ် ခဲ့သည်။ စစ်သား အယောက် (၇၀) လောက်က ကျေးရွာ ဝင်ရောက်မွှေနှောက်စဉ်အတွင်း ရွာသား (၃) ဦး သေဆုံးခဲ့ရသည်ဟု အသက် (၄၅) နှစ်အရွယ် ကျောက်လှေကားရွာသားတစ်ဦးက ပြောပါသည်။ **"နောက်ထပ် (၂) ဦးကို PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်) တွေဆိုပြီး ဖမ်းလိုက်တယ်။ စစ်ကြောင်းက ရောင်မော်ရွာအရောက်မှာ အဲရွာသားတွေကို ပစ်သတ်လိုက်တယ်။ စုစုပေါင်း (၅) ယောက် သေပြီးတော့ တော်တော်များများ ထွက်ပြေးရတယ်။ မိသားစု (၂၀၀) လောက် ဘေးကင်းရာကို ထွက်ပြေးခဲ့ရတယ်"** ဟု ၎င်းက ပြောသည်။

### ၂၀၂၂ ဇူလိုင်လ (၃၁) ရက်နေ့

ရေဖြူမြို့နယ် ပုဂေါ်ဇွန်းကျေးရွာမှ ရွာသား (၅) ဦးကို ဗမာ့စစ်အုပ်စုတို့က ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက် (၃) ဦးကို သတ်ဖြတ်ခဲ့ပြီး အလောင်းကို ရာဘာခြံတွင် မြှုပ်နှံခဲ့သည်။ ဩဂုတ်လ (၂) ရက်နေ့ကျမှ ရွာအရှေ့မြောက်ဘက်ကရာဘာခြံမှာ အလောင်းတွေကို တွေ့ခဲ့သည်။ **"အလောင်းတွေမှာ အညိုအမဲဒဏ်ရာတွေနဲ့ သေနတ်ဒဏ်ရာတွေ တွေ့တယ်။ စစ်အုပ်စုတို့က နှိပ်စက်ပြီးမှ ပစ်သတ်လိုက်တဲ့ပုံပဲ။ ပြီးမှ အလောင်းကို ရာဘာခြံမှာ ဖျောက်ပစ်ခဲ့တာ။ တစ်ယောက်ကတော့ ထွက်ပြေးလို့လွတ်သွားပြီး ကျန်တဲ့တစ်ယောက်ကို စစ်အုပ်စုတို့က ဖမ်းထားတုန်းပဲ"** ဟု ရွာသားတစ်ဦးက ပြောပါသည်။

### ၂၀၂၂ စက်တင်ဘာလ (၂၃) ရက်နေ့

မွန်ပြည်နယ် ရေးတောင်ပိုင်း ကလော့ကျေးရွာမှ ရွာသားတစ်ဦးကို ညမထွက်ရအမိန့်ကို ဖောက်ဖျက်သည်ဟုဆိုကာ စစ်အုပ်စုတို့က ပစ်သတ်ခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်လ (၅) ရက်နေ့၌ ရေးမြို့နယ်တွင် ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ရေးမြို့နယ်တောင်ပိုင်းမှ ဒေသခံများအနေဖြင့် ညဘက်အပြင်ထွက်ရန် ကြောက်ရွံ့နေကြသည်ဟု သိရသည်။

## ၂-ခ-၂) မတရားဖမ်းဆီးထိန်းသိမ်းခြင်း

မတရားဖမ်းဆီးထိန်းသိမ်းခြင်းသည် အာဏာသိမ်းပြီးနောက်ပိုင်း စိုးရိမ်ဖွယ်ရာမြင့်တက်လာသည်။ သေချာစစ်ဆေးမေးမြန်းခြင်းမရှိဘဲ အပြစ်မဲ့ပြည်သူများကိုပါ နှစ်ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တိကျသေချာသည့်အကြောင်းရင်းကို ပေးအပ်ခြင်းမရှိဘဲ ပြည်သူများကို ဖမ်းဆီးခြင်းဖြင့် စစ်အုပ်စုတို့က ၎င်းတို့၏မိသားစုဝင်များကို စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာစေလျက်ရှိသည်။

လူငယ်များကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ၎င်းတို့၏မိသားစုဝင်များကို ဓားစားခံအဖြစ် ဖမ်းဆီးထားခြင်းဖြင့် စစ်အုပ်စုတို့က တည်ငြိမ်မှုကို ပျက်ပြားစေခဲ့သည်။လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ကြီးမားသည့်ဖျက်စီးမှုကို ပြုလုပ်နေသဖြင့် ဒေသခံပြည်သူများကလည်း အသတ်ခံရမည့်အရေးအတွက် ကြောက်ရွံ့နေရသည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ပတ်သက်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ဒါဇင်နှင့်ချီသော ဖြစ်စဉ်များကို မှတ်တမ်းတင်ခဲ့သည်။ လူရာပေါင်းများစွာ အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ဥပဒေဆိုင်ရာခုခံကာကွယ်မှုများ ဆုံးရှုံးလျက်ရှိသည်။ စစ်အုပ်စုတို့က ၎င်းတို့ကျူးလွန်ခဲ့မှုများအတွက် တာဝန်ခံရန်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန် အရေးတကြီးလိုအပ်နေကြောင်း အခြေအနေများက မီးမောင်းထိုးပြလျက်ရှိသည်။

### ၂၀၂၁ ဧပြီလ (၂) ရက်နေ့

ကရင်ပြည်နယ် ဘားအံမြို့မှ လူငယ်တစ်ဦးဖြစ်သည့် မျိုးမင်းအောင်သည် ညနေပိုင်းတွင် ဖမ်းဆီးခံခဲ့ရသည်။ လေသေနတ်တစ်လက်ကို ပိုင်ဆိုင်မှုဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ဘားအံနှင့် အိန္ဒူတွင် မတ်လ (၂၇) ရက်နေ့ ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သည့် သူ၏သူငယ်ချင်း (၂) ဦးမှာ မတ်လ (၁၉) ရက်နေ့တွင် ဖမ်းဆီးခံရပြီး တောင်ကလေးအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည်။

### ၂၀၂၁ ဧပြီလ (၃) ရက်နေ့

လက်နက်နှင့် မသင်္ကာသူများကို ရှာဖွေသည်ဟုဆိုကာ စစ်အုပ်စုတို့က ထားဝယ်မှ အနည်းဆုံး ဒေသခံ (၁၁) ဦးကို ဖမ်းဆီးခဲ့သည်။

### ၂၀၂၁ မေလ (၁) ရက်နေ့

မြိတ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် လူ (၈) ဦးကို ဆန္ဒပြပွဲကိုဦးဆောင်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ လောင်းလုံမြို့နယ်မှ နောက်ထပ်ဆန္ဒပြပွဲဦးဆောင်သူကိုလည်း စစ်အုပ်စုတို့က၂၀၂၁ ဧပြီလ (၃၀) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ရဲစခန်းတွင် ထိန်းသိမ်းခဲ့သည်။

### ၂၀၂၁ မေလ (၂) ရက်နေ့

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းအပါအဝင် လူ (၅) ဦးကို ဆန္ဒပြမှုဖြင့် စစ်အုပ်စုတို့နှင့် နယ်ခြားစောင့်တပ်က ဖမ်းဆီးခဲ့သည်။ စစ်အာဏာရှင်ကိုဆန့်ကျင်သည့်စာသားများကို အစိုးရရုံးများနှင့် လမ်းမများတွင် ဆေးမှုတ်ရေးသားမှုဖြင့် စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

### ၂၀၂၁ မတ်လ (၃) ရက်နေ့

ဘားအံမြို့ အောင်နန်းရပ်ကွက် (၄) လမ်းမှ အသက် (၆၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးအပါအဝင် လူ (၁၁) ဦးကို ဖမ်းဆီးခဲ့သည်။ "ကြည့်ရတာတော့ သူတို့ဖမ်းမယ့်လူကို ရှာမတွေ့လို့ အန်တီကြီးကို ဖမ်းသွားပုံရတယ်" ဟု မျက်မြင်သက်သေတစ်ဦးက ပြောပါသည်။ မော်လမြိုင်တွင်လည်း အမျိုးသမီးငယ်တစ်ဦး ဖမ်းဆီးခံခဲ့ရသည်။

### ၂၀၂၁ မေလ (၅) ရက်နေ့

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဒေသခံပြည်သူ (၄) ဦးကို စစ်အုပ်စုတို့က ဖမ်းဆီးခဲ့သည်။ "အရပ်ဆိုင်က လင်မယားကို CDM (အာဏာဖီဆန်ရေးလှုပ်ရှားမှု) တွေနဲ့ပတ်သက်တယ်ဆိုပြီး အရပ်ဝတ်နဲ့ရဲတွေက လာဖမ်းသွားတာ" ဟု သက်သေတစ်ဦးက ပြောပါသည်။

### ၂၀၂၁ မေလ (၆) ရက်နေ့

မွန်ပြည်နယ် မုဒုံမြို့မှ ဒေသခံ (၃) ဦး အဖမ်းခံခဲ့ရသည်။ "**ကိုကိုဦးက အန်အယ်ဒီပါတီဝင်၊ ရီရီငွေက CDM ကျောင်းဆရာမ။ သူတို့အိမ်ကို စစ်သားနဲ့ရဲ (၁၅) ယောက်က ညဘက်ဝင်စီးပြီး ဖမ်းသွားတာ**" ဟု ကိုကိုဦး၏ အသိမိတ်ဆွေတစ်ဦးက ပြောပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို အားပေးထောက်ခံသည့် အကျီပိုင်ဆိုင်မှုဖြင့် လူငယ်တစ်ဦးကို ဖမ်းဆီးခဲ့သည်။

### ၂၀၂၁ မေလ (၇) ရက်နေ့

ထားဝယ်နည်းပညာတက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်ဖြစ်သူ မျိုးမင်းဦးကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ စစ်အုပ်စုတို့က ထားဝယ်နည်းပညာတက္ကသိုလ်မှ အခြားကျောင်းသား (၃) ဦးကို လိုက်လံ ရှာဖွေနေသဖြင့် ကျောင်းသားကျောင်းသူအားလုံး ပုန်းအောင်းနေကြရသည်။

### ၂၀၂၁ မေလ (၁၁) ရက်နေ့

ဆန္ဒပြမှုကို ဖြိုခွင်းပြီးနောက်ပိုင်း ထားဝယ်နှင့် သရက်ချောင်းမှ လူငယ် အနည်းဆုံး (၁၁) ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးထားသောလူငယ်များထံမှ လက်နက်အချို့ကို သိမ်းဆည်းရမိသည်ဟု အာဏာပိုင်များက ကြေညာခဲ့သည်။ ၎င်းတို့၏မိဘနှင့် အသိမိတ်ဆွေများကမူ ဖမ်းဆီးထားသူများကို အမှုဆင်နိုင်ရန်အတွက် အာဏာပိုင်များက လုပ်ကြံခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။

### ၂၀၂၁ မေလ (၁၇) ရက်နေ့

အသက် (၂၂) နှစ်အရွယ် မုဒ္ဒုံသူ မအေးစုကို ပုန်းအောင်းရာနေရာမှ ဖမ်းဆီးပြီး ၅၀၅(က)ဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းက အာဏာဖီဆန်သူ တက်ကြွလှုပ်ရှားသူများနှင့် ကျောင်းဆရာဆရာမများကို ထောက်ပံ့နေသည်ဟု အာဏာပိုင်များက စွပ်စွဲခဲ့သည်။

### ၂၀၂၁ မေလ (၂၀) ရက်နေ့

ပေါင်မြို့နယ်တွင် ဆရာဝန် (၂) ဦးအပါအဝင် လူ (၆) ဦးကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ဆရာဝန်တစ်ဦးနှင့် လူ (၄) ဦးသည် ရင်းငြိမ်း၊ သထုံနှင့် ပေါင်ဒေသခံများ ဖြစ်သည်။ အာဏာဖီဆန်မှုလှုပ်ရှားမှုနှင့် မော်တော်ဆိုင်ကယ်ဖြင့်ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်သူများဟု အာဏာပိုင်များက ယုံကြည်ထားသည်။

### ၂၀၂၁ မေလ (၃၁) ရက်နေ့

ကြက်စာပြင်ရပ်ကွက်မှ ကိုဝေယံဖြိုးနှင့် ကိုဉာဏ်ဝင်းအပါအဝင် သပိတ်ခေါင်းဆောင် (၄) ဦးကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ပုန်းအောင်းနေသည်ကို ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် ၎င်းတို့နှစ်ဦးစလုံးတွင် သေနတ်ဒဏ်ရာများ ရရှိခဲ့သည်။ ကိုဝေယံနှင့် ကိုဉာဏ်ဝင်းတို့ကို ကြိုတင်စီမံထားသည့် သက်သေခံပစ္စည်းများဖြင့် ခုတ်ပုံအရိုက်ခံရန် ပြည်ထဲရေးဌာနက အတင်းအကြပ်လုပ်ဆောင်ခဲ့သည်ဟု သပိတ်ကော်မတီဝင်တစ်ဦးက ပြောပါသည်။

### ၂၀၂၁ ဇူလိုင်လ (၃) ရက်နေ့

တက္ကသိုလ်ကျောင်းသူ (၂) ဦးဖြစ်သည့် အေးမြတ်မွန်နှင့် ဇင်မာဖြိုးတို့ကို စစ်အုပ်စုတို့က မြိတ်မြို့တွင် ဖမ်း ဆီးခဲ့သည်။ အဘယ်ကြောင့် ဖမ်းဆီးသည်ကို ရှင်းလင်းစွာ မသိရပေ။ မြိတ်မြို့အဝင်က စစ်သားများ ကို ခလုတ်ပုံရိုက်ရန် ကြိုးပမ်းမှုဖြင့် အဖမ်းခံခဲ့ရသည်ဟု ဒေသခံအချို့က ပြောသည်။

## ၂၀၂၁ ဇူလိုင် (၆) ရက်နေ့

အသက် (၈၆) နှစ်အရွယ် အဘွားအိုနှင့် အသက် (၁၃) နှစ်အရွယ် မြေးလေးကို စစ်အုပ်စုတို့က လောင်းလုံ မြို့နယ် ပြင်ကြီးရွာတွင် ဖမ်းဆီးခဲ့သည်။ ဖခင်ဖြစ်သူကို ဖမ်းဆီးရန် လာရောက်စဉ် ဖခင်ဖြစ်သူကို မတွေ့သဖြင့် သားဖြစ်သူနှင့် ယောက္ခမဖြစ်သူတို့ကို ဓားစားခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု မိခင် ဖြစ်သူက ပြောသည်။

## ၂၀၂၁ အောက်တိုဘာ (၉) ရက်နေ့

မနက် (၈) နာရီအချိန်တွင် စစ်သားများနှင့် လက်နက်ကိုင်များက မိခင်ဖြစ်သူနှင့် ၎င်း၏ အသက် (၂) နှစ်နှင့် (၆) နှစ်အရွယ် ကလေး (၂) ဦးကို ထားဝယ်၊ သရက်ချောင်းမြို့နယ် စေပြာကျေးရွာတွင် ဓား စာခံအဖြစ် ဖမ်းဆီးခဲ့သည်။ ဖခင်ဖြစ်သူ ကိုနိုပွန်ကို လာရောက်ဖမ်းဆီးရာ မတွေ့သဖြင့် ၎င်း၏ မိသားစုဝင်များကို ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။ လာရောက်ဖမ်းဆီးသူများကို ပြည်သူ့စစ်ခေါင်းဆောင် ဦးအောင်စိန်နှင့် ဦးမောင်ရီတို့က ဦးဆောင်လာခဲ့သည်။ လာရောက်ဖမ်းဆီးချိန်အတွင်း နေအိမ်များကို တံခါးဖွင့်ခိုင်းပြီး လက်ကိုင်ဖုန်းအချို့ကိုလည်း လုယူသွားခဲ့ကြောင်း သိရသည်။

## ၂၀၂၂ ဇွန်လ (၂၂) ရက်နေ့

၂၀၂၂ ဇွန်လ (၂၂) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ရပ်ကျေးဥက္ကဋ္ဌကို ၂၀၂၂ ဇူလိုင်လ (၇) ရက်နေ့တွင် သေဆုံးလျက်သားပြန်တွေ့ခဲ့ သည်။ ဦးကျော်မျိုးမင်းနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဦးပန်းမြင့်နှင့် ဦးကိုကိုမောင်တို့ကို ပေါက်ကြီးကျေးရွာအနီးတွင် စစ်အုပ်စုတို့က မတရားဖမ်းဆီးခဲ့သည်ဟု ဒေသခံရွာသားများက ပြောသည်။

## ၂၀၂၂ ဩဂုတ်လ (၆) ရက်နေ့

ရေးမြို့နယ် အောင်မြင်ရပ်ကွက်မှ လူငယ် (၂) ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဩဂုတ်လ (၆) ရက် နေ့တွင် မတရားဖမ်းဆီးခဲ့ပြီး ယခုအချိန်အထိ သတင်းအစအန မရရှိသေးကြောင်းဟု မိသားစုဝင်များ က ပြောသည်။ ဖမ်းဆီးရသူ (၂) ဦးအနက်မှ တစ်ဦးသည် အသက် (၂၀) အရွယ်သာ ရှိသေးသည့် အောင်မင်းပိုင် ဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် Facebook လူမှုကွန်ရက်တွင် မိတ် ဆွေဖြစ်နေသည်ဟုဆိုကာ မတရားဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့၏ သတင်းကို သိရှိရန်အတွက်

ရေးမြို့နယ်မှ ဌာနဆိုင်ရာများကို မိသားစုဝင်များက သွားရောက်မေးမြန်းခဲ့သောလည်း မည်သည့် သတင်းမျှ မရရှိခဲ့ချေ။

### ၂၀၂၂ ဩဂုတ်လ (၁၇) ရက်နေ့

ညဘက်စီးနင်းမှုတွင် ဖမ်းဆီးနှိပ်စက်ခံခဲ့ရသည့် လူငယ်များ၏ မိသားစုဝင်များနှင့် အသိမိတ်ဆွေများ၏ ပြောပြချက်အရ ၎င်းတို့၏ သားများအပါအဝင် လူငယ်အနည်းဆုံး (၇) ဦးကို စစ်အုပ်စုတို့က ဖမ်းဆီးခဲ့သည်။ ဘားအံ မြို့ငကလေးတွင် အခြေစိုက်သည့် စစ်အုပ်စုတို့နှင့်ရဲတပ်ဖွဲ့ကဘားအံမြို့ အမှတ် (၄) ရပ်ကွက် ခရေလမ်းရှိ နေအိမ် (၃) လုံးကို ဝင်ရောက်စီးနင်းခဲ့သည်။

### ၂၀၂၂ စက်တင်ဘာလ (၄) ရက်နေ့

ထားဝယ် ညောင်ရေတံခွန်ရပ်ကွက်တွင် ကားစီးလာသည့် လူငယ် (၃) ဦးကို စစ်ကောင်စီက စစ်ဆေးပြီး ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ Honda Fit ယာဉ်မောင်းကို စစ်အုပ်စုတို့က ဖမ်းဆီးပြီး လူငယ် (၃) ဦးကို သေနတ်ဖြင့်ချိန်ကာ အတင်းအကြပ်ဒူးထောက်ခိုင်းပြီး ရိုက်နှက်ခဲ့သည်ဟု မျက်မြင်သက်သေ များက ပြောသည်။ "**သူတို့က ဖမ်းဝရမ်းထုတ်ထားတဲ့အထဲမှာ ပါလို့ထင်တယ်။ ဒါကြောင့် ဖမ်းလိုက် တာ။ သူတို့နာမည်နဲ့လိပ်စာကိုတော့ စုံစမ်းနေတုန်းပဲ**" ဟု အသက် (၅၀) အရွယ် လူကြီးတစ်ဦးက ပြောပါသည်။

### ၂၀၂၂ စက်တင်ဘာလ (၂၂) ရက်နေ့

ရေဖြူမှ မောင်မောင်လွင်နှင့် ကိုသက်နှင့် ထားဝယ်မှ (၃) ဦးကို အင်အား (၁၀) ယောက်ပါ အဖွဲ့က ထားဝယ်မြို့ ပိန္နဲတောရပ်ကွက်ကို စီးနင်းစဉ်အတွင်း ဖမ်းဆီးခဲ့သည်။ "**သူတို့ရဲ့ဆိုင်ကယ်ကိုလည်း သိမ်းသွားတယ်။ သူတို့ (၅) ယောက်ကို ဘယ်ခေါ်သွားလဲတော့ မသိဘူး**" ဟု အသက် (၄၅) နှစ် အရွယ် မျက်မြင်သက်သေက ပြောသည်။

## ၂-ခ-၃) ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာဆက်ဆံမှုများ

ညှဉ်းပန်းနှိပ်စက်မှုကို စစ်အုပ်စုတို့က ထမင်းစားရေသောက်သဖွယ် နေ့စဉ်ပြုလုပ်နေသည်။ ပြည်သူများသွား လာနေ ထိုင်သည့်နေရာတွင် စစ်သားများ ပိုမိုဝင်ရောက်လာသဖြင့် ကြောက်ရွံ့ထိတ်လန့်မှုများ များပြားလာကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ သတင်းထောက်များက မှတ်တမ်းတင်ထားသည်။ ညှဉ်းပန်းနှိပ်စက်မှုသည် နိုင်ငံတကာဥပဒေအရ လူ့အခွင့်အရေးချိုးဖောက်မှုပင် ဖြစ်သည်။



ပစ်မှတ်ထားဒေသများတွင် ပြည်သူများသည် စစ်အုပ်စုတို့၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရပြီးနောက် စစ်အုပ်စုတို့ကြီးစိုးသည့် အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် အသက်သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ နိုင်ငံရေးအကျဉ်းသားအားလုံးကို တရားဝင် ညှဉ်းပန်းနှိပ်စက်နိုင်သည့်သဖွယ် အာဏာပိုင်များက ခွင့်ပြုထားသည်။ လိင်အကြမ်း ဖက်မှုသည်လည်း ညှဉ်းပန်းနှိပ်စက်မှုတစ်မျိုးပင် ဖြစ်ပြီး လူ့ဂုဏ်သိက္ခာကိုပင် ထိခိုက်စေသော အကြမ်းဖက်မှုဖြစ်သည်။ အမျိုးသမီးများသည် ထိန်းသိမ်းခံနေရစဉ်အတွင်း လိင်အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရပြီး ၎င်းတို့၏ရပိုင်ခွင့်အခွင့် အရေးများကို ဆုံးရှုံးလျက်ရှိသည်။ အကျဉ်းထောင်များသည်လည်း သန့်ရှင်းမှု မရှိဘဲ အကျဉ်းသားများ၏ အခြေခံအခွင့်အရေးများကိုလည်း ပေးအပ်ခြင်း မရှိချေ။

### ၂၀၂၂ ဇန်နဝါရီလ (၁၅) ရက်နေ့

လက်နက်ကိုင်တပ်ဖွဲ့တစ်ခုနှင့် ဆက်သွယ်မှုဖြင့် ထားဝယ်မြို့နယ် စောဝကျေးရွာမှ ရွာသားတစ်ဦးကို စစ်အုပ်စုတို့က ဖမ်းဆီးခဲ့ပြီး သေဆုံးသည်အထိ ရိုက်နှက်ခဲ့သည်။ အသက် (၅၀) အရွယ် ဦးလွင်မိုးအောင်ကို နေ့လည် (၁၁) နာရီအချိန်ခန့်၌ စစ်ဆေးမေးမြန်းနေစဉ်အတွင်း သေဆုံးသည်အထိနှိပ်စက်ခဲ့သည်ဟု ၎င်း၏ဆွေမျိုးသားချင်းတစ်ဦးက ပြောပါသည်။

### ၂၀၂၂ ဖေဖော်ဝါရီလ (၁၁) ရက်နေ့

အသက် (၂၈) နှစ်အရွယ် ကိုဝင်းသီဟကို ထားဝယ်မြို့ရှိ ဟိုတယ်တစ်ခုတွင် ဖေဖော်ဝါရီလ (၇) ရက်နေ့၌ စစ်အုပ်စုတို့က ဖမ်းဆီးခဲ့ပြီး စစ်ကြောရေးစခန်းတွင် နှိပ်စက်ခဲ့သည်။ ဓားဖြင့် အချက်ပေါင်းများ စွာ ထိုးသွင်းခံထားရပြီး အသက်အန္တရာယ်စိုးရိမ်နေရသည်။

**၂၀၂၂ မတ်လ (၁၆) ရက်နေ့**

ကိုရာဇာထွန်းဟုခေါ်သည့် အမျိုးသားတစ်ဦးကို ထားဝယ်မြို့ ဥတ္တရံရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် စစ်တပ်က ဖမ်းဆီးခဲ့သည်။ စစ်အုပ်စုတို့က ရိုက်နှက်ညှဉ်းပန်းခဲ့ပြီး တိုက်ပိတ်ထားခဲ့သည်။ ၂၀၂၂ မတ်လ (၁၄) ရက်နေ့တွင် တရားရုံးထုတ်ခဲ့ရာတွင် ၎င်းက နွေဦးတော်လှန်ရေးကိုအားပေးသည့် အင်္ကျီကို ဝတ်ဆင်လာခဲ့သည်။ ၎င်းအပြုအမူကြောင့် ကိုရာဇာထွန်းကို သံခြေချင်းခတ်ကာ တိုက်ပိတ်ခဲ့ပြန်သည်။

**၂၀၂၂ ဇွန်လ (၃) (၄) ရက်နေ့**

နိုင်ငံရေးအကျဉ်းသား (၂) ဦး ထွက်ပြေးလွတ်မြောက်သွားပြီးနောက် ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် အကျဉ်းသားများအပေါ် အကြမ်းဖက်မှုများ ပြင်းထန်လာသည်။ အကျဉ်းထောင်အာဏာပိုင်များနှင့် ပဋိပက္ခဖြစ်မှုတွင် အကျဉ်းသား (၇၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လျှပ်စစ်ရိုက်တံများဖြင့် ရိုက်နှက်ခံခဲ့ရပြီး သံဂေါ်လီလုံးများဖြင့် ပစ်ခတ်ခံခဲ့ရသည်။ **"အကျဉ်းထောင်အရာရှိတွေက အကြမ်းဖက်မှုကို သူတို့မလုပ်ဘဲ နှစ်ကြီးသမားတွေကို လုပ်ခိုင်းတယ်။ ဇွန်လ (၃) ရက်နဲ့ (၄) ရက်နေ့ည အကျဉ်းသားတွေ အိပ်နေတဲ့အချိန်မှာ သူတို့ကို အပြင်ဘက်နေ ဓားနဲ့ထိုးဖို့ ထောင်မှူးက နှစ်ကြီးသမားတွေကို ခိုင်းခဲ့တယ်။ အကျဉ်းသားအတော်များများ ဒဏ်ရာရပြီး သွေးတွေလည်း ရွှဲနေတာပေါ့။ အကျဉ်းသားတွေလည်း ရက်အတော်ကြာ အစာရေစာဖြတ်လိုက်တယ်။ အကျဉ်းသား အနည်းဆုံး (၅၀) လောက်တော့ ဒဏ်ရာရခဲ့တယ်"** ဟု အမည်မဖော်လိုသူတစ်ဦးက ပြောပါသည်။

**၂၀၂၂ ဇူလိုင်လ (၂၄) ရက်နေ့**

မွန်ပြည်နယ် ရေးမြို့နယ်တောင်ပုိင်း ရင်းရယ်ကျေးရွာအုပ်စု ရင်းဒိန်းကျေးရွာသို့ စစ်ယူနီဖောင်းဝတ်ဆင်ထားသည့် လက်နက်ကိုင်များ ဝင်ရောက်လာခဲ့သည်။ အဆိုပါ အင်အား (၆) ဦးပါ အဖွဲ့က အသက် (၅၇) အရွယ် နိုင်ချိုင်းကို ရိုက်နှက်ညှဉ်းပန်းခဲ့သည်။ နိုင်ချိုင်းကို မူးယစ်ဆေးပြားများ ရောင်းချသည်၊ လောင်းကစားလုပ်ငန်းများ လုပ်ကိုင်သည်ဟုဆိုက ၎င်းထံမှ ငွေကျပ်သိန်း (၁၀၀) ကို လက်နက်ကိုင်အဖွဲ့က တောင်းခဲ့ကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

## ၂-ခ-၄) ပိုင်ဆိုင်မှုများ၊ နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖျက်ဆီးခြင်း

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူလူထုထံမှ ငွေညှစ်ရန်နှင့် ပိုင်ဆိုင်မှုများကို လုယက်ရန် လမ်းနည်းအသစ်များကို အသုံးပြုလာသည်။ အဓိကအားဖြင့် စစ်ဆေးရေးဂိတ်များတွင် ပြည်သူလူထုကို ခြိမ်းခြောက်ခြင်း ဖြစ်သည်။ ထို့ကြောင့်

စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ကြောက်ရွံ့သဖြင့် ပြည်သူများက ခရီးသွားလာရန် ဝန်လေးလာကြသည်။ အကြမ်းဖက်ခြင်း၊ နေအိမ်များကို ဖျက်စီးခြင်းနှင့် ပိုင်ဆိုင်မှုများကို လုယက်သိမ်းဆည်းခြင်းများကို စစ်အုပ်စုတို့က အတားအဆီးမရှိ နေရာအနှံ့ ကျူးလွန်နေသည်။

### ၂၀၂၁ ဧပြီလ (၆) ရက်နေ့

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ထားဝယ်ရှိ ဆေးလိပ်ခုံတစ်ခုကို ဝင်ရောက်စီးနင်းပြီး ဝန်ထမ်း (၂) ဦးကို အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)ကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ သပိတ်ခေါင်းဆောင်များကိုလည်း စစ်အုပ်စုတို့က ရှာဖွေဖမ်းဆီးနေသဖြင့် အများအပြားမှာ ပုန်းအောင်းနေရသည်ဟု ဆိုသည်။

### ၂၀၂၁ ဧပြီလ (၁၁) ရက်နေ့

အမှတ် (၁၉) ဒေသကွပ်ကဲရေးဌာနချုပ်လက်အောက်ခံ ခြေမြန်တပ်ရင်းတစ်ခုက မွန်ပြည်နယ် ကနင်ကမော့ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို မီးရှို့ဖျက်စီးခဲ့သည်။ ကျောင်းဝင်းအတွင်း စစ်အုပ်စုတို့က စခန်းချမည်ကို ကျောင်းထိုင်ဆရာတော်က ငြင်းဆန်ခဲ့သဖြင့် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ် သည်။ မီးရှို့မှုကို နေ့ခင်း (၁၁) နာရီအချိန်တွင် လုပ်ဆောင်ခဲ့သည်။

### ၂၀၂၁ မေလ (၈) ရက်နေ့

မော်လမြိုင်မြို့ အောက်လမ်းမကြီးမှ ဆိုင်ကယ်အရောင်းဆိုင်ပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်အများအပြားကို လိုင်စင်မရှိဟုဆိုကာ စစ်အုပ်စုတို့က သိမ်းယူခဲ့သည်။ **"ဒီနေ့ရော ပြီးခဲ့တဲ့အပတ်ကရော အစီး (၂၄၀) လောက် သိမ်းလိုက်တယ်။ အများစုက ဆိုင်ကယ်တွေပေါ့။ မော်လမြိုင်က ဆိုင် (၇) ဆိုင်က သုံးဘီးယာဉ် အစီး (၄၀) လောက်လည်း ပါသွားတယ်။ လိုင်စင်လျှောက်တဲ့ကိစ္စက ဆိုင်ကယ်ဝယ်တော့မှပဲ စလုပ်ကြတာလေ။ ကုန်းလမ်းပို့ဆောင်ရေးဌာနကို ဆိုင်က အခွန်သွင်းတယ်။ ပြီးတော့ ဆိုင်ကယ်အတွက် လိုင်စင်လျှောက်တယ်။ ဒါပေမဲ့ အခုက စစ်သားတွေက လာစစ်တယ်ဆိုပြီး သိမ်းသွားတယ်။ ဒါက ကျွန်တော်တုိ့စီးပွားရေးကို ဖျက်စီးတာပဲ။ ပြီးတော့ ဒါမျိုးက တရားလည်းမဝင်ဘူး"** ဟု ဆိုသည်။

### ၂၀၂၁ မေလ (၉) ရက်နေ့

ထားဝယ်မြို့ အရောင်းဆိုင်မှ ဆိုင်ကယ်များနှင့် ငွေကြေးများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက အတင်းအဓမ္မသိမ်းယူခဲ့ကြောင်း သိရသည်။ "**စစ်သားနဲ့ရဲ ပူးပေါင်းအဖွဲ့က အရောင်းဆိုင် (၃) ခုကို ဝင်စစ်ပြီး ဆိုင်ကယ်အစီး (၁၀၀) လောက်ကို လိုင်စင်မရှိလို့ဆိုပြီး သိမ်းလိုက်တယ်**" ဟု ထားဝယ်၊ လောင်းလုံမှ သက်သေတစ်ဦးက ပြောပါသည်။ ဆိုင်ကယ်အသစ်စက်စက် (၁၀) စီးနှင့် လိုင်စင်လျှောက်ထားဆဲ ဆိုင်ကယ်များကို သိမ်းယူလိုက်ခြင်း ဖြစ်သည်။ အချို့မှာ ထိုင်းနိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသည့် ဆိုင်ကယ်ကြီးများဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ (၂၀,၀၀၀) အထိ တန်ကြေးရှိသည်ဟု ဆိုင်ပိုင်ရှင်က ပြောပါသည်။ အဆိုပါဆိုင်ကယ်အားလုံးသည် သွင်းကုန်အခွန်ဆောင်ထားပြီးကြောင်းလည်း သိရသည်။

## ၂၀၂၁ မေလ (၁၀) ရက်နေ့

ပဲခူးမြို့က (၈) လေးလုံး အထိမ်းအမှတ်ကျောက်တိုင်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖယ်ရှားဖျက်စီးခဲ့သည်။ "**စစ်သားနဲ့ရဲ အယောက် (၁၀၀) လောက်နဲ့ လာပြီး ကျောက်တိုင်ကို ဖျက်စီးလိုက်တာ**" ဟု သက်သေတစ်ဦးက ပြောသည်။ နေ့ခင်း (၁၁) နာရီခန့်တွင် (၈) လေးလုံး အထိမ်းအမှတ်ကျောက်တိုင် ကော်မတီဝင် ဦးလှဘုန်းလည်း ဖမ်းဆီးခံခဲ့ရသည်။

## ၂၀၂၁ ဇွန်လ (၆) ရက်နေ့

ကရင်ပြည်နယ် ဘားအံမြို့ရှိ အာဇာနည်အထိမ်းအမှတ်ရုပ်တုများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ညနေ (၈) နာရီအချိန်တွင် ဖျက်စီးခဲ့ကြောင်း ဒေသခံများက ပြောပါသည်။ သမိုင်းကို ဖျက်လိုဖျက်စီးလုပ်လိုသဖြင့် ထိုသို့ဖျက်စီးခဲ့ခြင်း ဖြစ်သည်။

## ၂၀၂၁ ဇူလိုင်လ (၁၁) ရက်နေ့

ပြောက်ကျားတိုက်ခိုက်မှုများကို တန်ပြန်သောအားဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက လုံခြုံရေးကို တင်းကြပ်ထားသည်။ အာဏာဖီဆန်မှုပြုလုပ်ထားသည့် ရှေ့နေတစ်ဦး၏အိမ်ကို စသုံးလုံးက ဝင်ရောက်စီးနင်းသော်လည်း ဖမ်းဆီးခံရမှု မရှိကြောင်း သိရသည်။

## ၂၀၂၂ ဇွန်လ (၁၅) ရက်နေ့

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် တောင်ပေါက်ကျေးရွာအုပ်စု အလယ်စုကျေးရွာမှ နေအိမ် အနည်းဆုံး (၅) လုံးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်စီးခဲ့သည်။ နေအိမ်ကို မီးမရှို့ခင် အဖိုးတန်ပစ္စည်းများကို သယ်ထုတ်သွားကြောင်း ဒေသခံများက ပြောသည်။ "**ညဘက်မှာ သေနတ်သံတွေ ကြားတယ်။ တိုက်ပွဲဖြစ်တာမျိုးတော့ မဟုတ်ဘူး။ တစ်ဖက်တည်းက ရမ်းသမ်းပစ်နေတာ။ ကျွန်တော့်**

**ပစ္စည်းတွေကို ကုန်ကားတစ်စီးနဲ့ သဲချောင်းကြီးဘက်ကို ရွှေ့လိုက်ရတယ်**" ဟု အလယ်စု ရွာသား တစ်ဦးက ပြောပါသည်။

## ၂၀၂၂ ဇွန်လ (၃၀) ရက်နေ့

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လှကဇိုင်းကျေးရွာအုပ်စု ထောပလောကျေးရွာအနီးရှိ အမှတ် (၁၀၂၃) နယ်ခြားစောင့်တပ်စခန်းတစ်ခုကို အမည်မသိလက်နက်ကိုင်အဖွဲ့က ဝင်ရောက်မီးရှို့ဖျက်စီး ခဲ့သည်။ အဆိုပါစခန်းကို နယ်ခြားစောင့်တပ်က ပြီးခဲ့သည့် (၂) လကျော်ကတည်းက စွန့်ခွာခဲ့ခြင်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်ကြောင့် စစ်ဆေးမေးမြန်းခြင်းနှင့် ဖမ်းဆီးနိုပ်စက်ခြင်း ခံရမည်ကို ဒေသခံ ပြည်သူများက စိုးရိမ်ပြီး ရှောင်တိမ်းမှုများ ပြုလုပ်ခဲ့ရသည်။

**"စခန်းမီးရှို့ခံလိုက်ရတော့ စစ်သားတွေက လုံခြုံရေးတင်းကြပ်ပြီး စစ်ဆေးရေးဂိတ်က ဖြတ်သမျှ ကုန်ကား၊ အိမ်စီးကားတွေအားလုံးကို သေချာစစ်နေတယ်။ ခလယ်-တံခွန်တိုင်မှာလည်း တိုက်ပွဲတွေ ဖြစ်နေတယ်၊ အခုစခန်းပါ မီးရှို့ခံလိုက်ရတော့ ရွာသားတွေက အစစ်ဆေးခံရမှာ အဖမ်းခံရမှာ ကြောက်နေကြတယ်။ အိမ်ကိုပိတ်ပြီး ရှောင်နေကြတယ်**" ဟု လှကဇိုင်းရွာသားတစ်ဦးက ပြော သည်။[14]

## ၂၀၂၂ ဇူလိုင် (၃၀) ရက်နေ့

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကေနိကျေးရွာကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး မော်တော်ကားများ၊ ဆိုင်ကယ်များနှင့် အဖိုးတန်ပစ္စည်းများကို လုယက်ခဲ့သည်။ "**ဆိုင်ကယ်အစီး (၂၀) လောက်ကို ကုန်ကား (၂) စင်းနဲ့ သယ်သွားတယ်။ ကားဘက်ထရီတွေ အစားအသောက်တွေ ပိုက်ဆံနှင့် လက်ဝတ်ရတနာတွေလည်း အများကြီးလုယူသွားတယ်**" ဟု ရွာသားတစ်ဦးက ပြောပါ သည်။ လုယက်မှုပြုလုပ်ပြီးနောက် စစ်အုပ်စုတို့က ပတ်ဝန်းကျင်ကို လက်နက်ကြီး လက်နက်ငယ် များဖြင့် ရမ်းသမ်းပစ်ခတ်သွားသည်။

## ၂၀၂၂ စက်တင်ဘာလ (၁၃) ရက်နေ့

---

14 https://rehmonnya.org/archives/7415?fbclid=IwAR0h502X2cJAixZKr0RuOfkMT__3uwW6mSBJG_7BWok7hb5kWI6Dr7JRVoE

တောင်ကျအင်းကျေးရွာသို့ စစ်အုပ်စုတို့က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သည်။ နေအိမ် အနည်းဆုံး (၁၄) လုံး ပျက်စီးပြီး ဘုန်းတော်ကြီးကျောင်းလည်း ထိခိုက်ခဲ့သည်။ သံဃာတော်တစ်ပါး အပါအဝင် (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## ၂-ခ-၅) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းသွားသဖြင့် လိင်အကြမ်းဖက်မှုများလည်း မြင့်တက်လာသည်။ အိမ်တွင်းအကြမ်းဖက်မှုများနှင့် သက်ငယ်မုဒိမ်းမှုများ များပြားလာကြောင်း အမျိုးသမီးနှင့်ကလေးသူငယ်များအတွက် ဥပဒေရေးရာအကူအညီပေးနေသည့်အဖွဲ့အစည်းများက ပြောသည်။ မုဒိမ်းမှု အမှု (၂၀) နှင့် အိမ်တွင်းအကြမ်းဖက်မှု (၁၀) မှုကို လက်ခံရရှိထားကြောင်း အမျိုးသမီးတစ်ဖွဲ့တစ်ခုက ပြောသည်။ မြန်မာနိုင်ငံအနှံ့တွင်လည်း စစ်အုပ်စုတို့က မုဒိမ်းမှုကို ပြည်သူကိုခြိမ်းခြောက်နိုင်သည့် လက်နက်သဖွယ် အသုံးပြုကျူးလွန်နေသည်။

လာရောက်တိုင်တန်းသည့်အမှုများထက် တကယ့်မြေပြင်တွင် ဖြစ်ပွားနေသည့်အမှုအရေအတွက်ကများစွာ ပိုမိုနေသည်ဟု အမျိုးသမီးအဖွဲ့များက ပြောသည်။ ရပ်ကျေးအာဏာပိုင်များကလည်း လိင်အကြမ်းဖက်မှုအတွက် တရားမျှတမှုကို ဆောင်ကြဉ်းပေးရမည့်အစား ငွေကြေး ဖြင့်သာကျေအေးစေခဲ့သည်။

**"အမိကပြဿနာက စားဝတ်နေရေးကြပ်တည်းလာတာပဲ။ မုဒိမ်းမှုဖြစ်ပြီး နစ်နာသူကလည်း ကိုယ်ဝန်မရခဲ့ဘူးဆိုရင် လျော်ကြေးယူပြီး ကျေအေးလိုက်ဖို့ အာဏာပိုင်တွေက ဖိအားပေးတယ်။ အာဏာသိမ်းပြီးနောက်ပိုင်း တရားမျှတမှုရဖို့ ပိုခက်သွားပြီဆိုတော့ လျော်ကြေးငွေကို လက်ခံပြီး နောက်ဆုံးမှာ အမှုကို ကျေအေးပေးလိုက်ရတာ များတယ်"** ဟု အမျိုးသမီးနှင့်ကလေး အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသမှ အမျိုးသမီးအများစုကလည်း Facebook ၊ Messenger စသည့် လူမှုကွန်ရက်မှတဆင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့နေရသည်။ နစ်နာသူများအနေဖြင့် အဆိုပါအကြမ်းဖက်မှုကို မည်ကဲ့သို့ကိုင်တွယ်ရမည်ကို သိရှိနားလည်ထားခြင်း မရှိချေ။

**“ကျွန်မတူမလေးက သူ့ချစ်သူနဲ့ ရန်ဖြစ်ပြီး ပြတ်စဲလိုက်ကြတယ်။ ဒါပေမဲ့ ကောင်လေးဘက်က မကျေနပ်လို့ သူတို့ပုံတွေကို Facebook မှာ တင်လုိက်တယ်။ ကျွန်မတို့လည်း အဲပြဿနာကို ဘယ်လုပ်ရမယ် ဘယ်လိုဖြေရှင်းရမယ် မသိဘူး။ ဥပဒေအကြောင်းလည်း ဘာမှမသိတော့ ဒီတိုင်းပဲ ငြိမ်နေလိုက်ရတယ်"** ဟု နစ်နာသူ၏ အဒေါ်ဖြစ်သူက ပြောသည်။

လက်ရှိအခြေအနေသည် လိင်အကြမ်းဖက်ခံရသည့်အမျိုးသမီးများအတွက် ကူရာမဲ့အခြေအနေဖြစ်နေသည်။

**“သူ့ချစ်သူနဲ့ လမ်းခွဲပြီးတော့ ကောင်မလေးက ကောင်လေးအသစ် ရသွားတယ်။ အဲဒါကို ရည်းစားဟောင်းက မကျေနပ်လို့ အရင်ကပုံတွေကို လိုင်းပေါ်တင်လိုက်တာ။ ကောင်မလေးလည်း ဘယ်လိုလုပ်ရမလဲ မသိတော့ နောက်ဆုံးမှာ သူ့ချစ်သူကောင်လေးနောက် လိုက်သွားရတယ်"** ဟု အိမ်နီးနားချင်းတစ်ဦးက ပြောပါသည်။[15]

### ၂၀၂၂ ဇူလိုင်လ (၁၆) ရက်

၂၀၂၁ ဧပြီလ (၁၆) ရက်နေ့ သင်္ကြန်အတက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာမှ အသက် (၁၂) ရှယ် မိန်းကလေးငယ်ကို ကျိုက်မင်ပလေ့ဘုရားပွဲကအပြန်တွင် လူတစ်ဦးက အဓမ္မကျင့်ရန် ကြိုးစားခဲ့သည်။

လက်တွင် ဆေးမင်ကြောင်နှင့် အမျိုးသားတစ်ဦးက မိခင်နှင့်လူစုကွဲလာသည့်မိန်းကလေးငယ်ကို လူပြတ်သည့်နေရာတစ်ခုတွင် ဆွဲခေါ်ပြီး အဓမ္မကျင့်ရန် ကြိုးစားခဲ့သည်။ ကလေးမငယ်က အော်ဟစ်အကူအညီတောင်းသဖြင့် အမျိုးသားက သူ၏ဦးခေါင်းကို ကျောက်တုံးဖြင့် ထုရိုက်ပြီး ထွက်ပြေးသွားခဲ့သည်။

**“အဲလိုဖြစ်ပြီးတော့ ကျွန်မတို့က ကိုးမိုင်အုပ်ချုပ်ရေးမှူးကို သွားတိုင်တယ်။ ကလေးကို ဆေးအရင်ကုပြီး နောက်မှပြောကြတာပေါ့လို့ အုပ်ချုပ်ရေးမှူးက ပြောတယ်။ ခုတော့ တစ်နှစ်လောက်တောင် ရှိနေပြီ၊ ဘာမှလည်း လုပ်မပေးဘူး"** ဟု မိခင်ဖြစ်သူက ပြောသည်။

---

15
https://rehmonnya.org/archives/7408?fbclid=IwAR2vgVctdEAgeYTkRV45_x3zfgfJJmpuqPz7s_LGHRYRPkJigji7zM1q8lY



## ၂-ခ-၆) သွားလာခွင့်ကန့်သတ်ခြင်း

စစ်ကောင်စီက ပြည်သူလူထုကို စောင့်ကြည့်တင်းကြပ်နေခြင်းက စိုးရိမ်ဖွယ်ရာမြင့်တက်လာသည်။ မြို့ကြီးများတွင် CCTV ကင်မရာများတပ်ဆင်ကာ ပြည်သူများကို (၂၄) နာရီပတ်လုံး စောင့်ကြည့်နေသည်။ ရုရှား၊ စင်ကာပူနှင့် ဥရောပ သမဂ္ဂတို့ထံမှ ရရှိထားသော နည်းပညာများဖြင့် တက်ကြွလှုပ်ရှားသူများကို စောင့်ကြည့်နေသည်။ စစ်ကောင်စီက ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို ရရှိထားခြင်းနှင့် ၎င်းတို့၏ သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်နေခြင်းတို့ကြောင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများက ပြည်ပသို့ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ကောင်စီက ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးရန်အတွက် ဒလန် သို့မဟုတ် သတင်းပေးများကိုလည်း မွေးမြူအသုံးပြုနေသည်။

စစ်ဆေးရေးဂိတ်များတွင် မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ကို စစ်ကောင်စီက ခွင့်မပြုချေ။ ရှုးနှမ်းသောအမိန့်များကို ထုတ်ပြန်ပြီး ပြည်သူများ၏ လွတ်လပ်စွာသွားလာခွင့်ကို ထိပါးနှောင့်ယှက် လာသည်။ ၂၀၂၁ နိုဝင်ဘာလ ဒုတိယအပတ်မှစ၍ မော်တော်ဆိုင်ကယ်စီးနင်းခြင်းနှင့်ပတ်သက်၍ ညွှန်ကြားချက်အသစ် များ ထုတ်ပြန်လာသည်။ ဆိုင်ကယ်ကို အမျိုးသား (၂) ယောက်မစီးရ၊ အမျိုးသမီးမောင်းသူနောက်တွင် အမျိုးသားလိုက် မစီးရစသည့် ရယ်စရာကောင်းသော အမိန့်များဖြစ်သည်။

ၚင်းပြင် ပြည်သူများကိုလည်း သတင်းအမှောင်ချရန် ကြိုးပမ်းခဲ့သည်။ ၂၀၂၂ မတ်လ (၃၁) ရက်နေ့တွင် ထိုင်းနိုင်ငံထုတ် စလောင်း (Satellite TV) များ၊ PVN Application များကို တရားမဝင်ကြောင်း ကြေညာခဲ့သည်။ အဆိုပါလုပ်ဆောင်မှု အားလုံးသည် နိုင်ငံတကာဥပဒေနှင့် သွေဖယ်နေသည်။ စစ်ကောင်စီကမူ ဒီမိုကရေစီလှုပ်ရှားမှုကို နှိပ်ကွပ်ရန်အတွက် မတရားသည့်နည်းလမ်းများကိုပင် အသုံးပြုနေသည်။ ဖမ်းဆီးခြင်း၊ ငွေကြေးတောင်းခံခြင်းတို့ကြောင့် ပြည်သူများမှာ ခရီးသွားရန် ခေါင်းခဲနေရသည်။

**၂၀၂၁ ဇူလိုင်လ (၂၁) ရက်နေ့**

မွန်ပြည်နယ်ရှိ မြို့နယ်အချို့နှင့် ဘားအံတွင် ဆရာဝန်၊ ကျန်းမာရေးလုပ်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ခရီးသွားလာခွင့်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပိတ်ပင်လာသည်။ မိမိတို့ ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်သည့် ကျန်းမာရေးလုပ်သားများ၏ အချက်အလက်များကို မှတ်တမ်းတင်ထားရန် အုပ်ချုပ်ရေးမှူးများကို ညွှန်ကြားခဲ့သည်။ "မြို့နယ်ထွေအုပ်ခွင့်ပြုချက်မရဘဲ ဘယ်ဆရာဝန်မှ မြို့နယ်ကနေ ထွက်လို့မရဘူး။ ဆိုလိုတာက ဆရာဝန်တွေ ကျန်းမာရေးဝန်ထမ်းတွေက မြို့ထဲမှာ ထောင်ကျနေတဲ့သဘောပေါ့" အမည်မဖော်လိုသူ သူနာပြုတစ်ဦးက ပြောသည်။

## ၂-ခ-၇) ဆက်ကြေးတောင်းခြင်း၊ သိမ်းယူခြင်း၊ လုယက်ခြင်းနှင့် အဓမ္မငွေကြေးတောင်းခံခြင်း

မိမိတို့၏ပိုင်ဆိုင်မှုများကို စစ်အုပ်စုတို့က မတရားသိမ်းယူသွားမည်ကို ကြောက်ရွံ့စိုးရိမ်နေရသည့် ပြည်သူများသည် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အတင်းအဓမ္မငွေကြေးတောင်းခံခြင်းကို လိုက်လျောနေရသည်။ စစ်ဆေးရေးဂိတ်တွင် တာဝန်ကျနေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် သူခိုးဓားပြများသာဖြစ်သည်ဟု ပြည်သူများက ပြောသည်။ လက်ပတ်နာရီ၊ လက်ကိုင်ဖုန်းနှင့် အခြားသောတန်ဖိုးရှိပစ္စည်းများကို အကြောင်းပြချက်မရှိ လုယက်သိမ်းယူနေသည်။

**၂၀၂၁ ဇူလိုင်လ (၂၈) ရက်နေ့**

COVID-19 ကူးစက်ရောဂါကာလအတွင်း "အပြင်ထွက်ခွင့်ကဒ်ပြား" ဟုဆိုကာ မွန်နှင့်ကရင်ပြည်နယ်များရှိ ပြည်သူများထံမှ ငွေကြေးကောက်ခံနေသည်။ "**ဒါကတော့ စစ်ကောင်စီက ပြည်သူတွေဆီကနေ ငွေတောင်းလို့ကောင်းတဲ့ပွဲတစ်ခုပေါ့။ ဒဏ်ငွေ (၅,၀၀၀) က ဒီလိုကြပ်တည်းနေတဲ့အချိန်မှာ များတာပေါ့။ ပြည်သူတွေရဲ့ဒုက္ခကို ကိုယ်ချင်းစာသင့်တယ်။ ဒဏ်ငွေက ကျွန်တော်တို့မြို့မှာ တစ်နေ့လုပ်စာလောက် ရှိတယ်**" ဟု အပြင်ထွက်ခွင့်ကဒ်ပြား မရှိသဖြင့် ဒဏ်ငွေ (၂) ကြိမ် ပေးဆောင်ခဲ့ရသူ မွန်ပြည်နယ်မှ အသက် (၅၅) နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

### ၂၀၂၂ ဇွန်လ (၁၇) ရက်နေ့

ဘားအံမြို့လမ်းမများတစ်လျှောက်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကင်းလှည့်လည်နေပြီး ၎င်းတို့က ဒေသခံပြည်သူများနှင့် ခရီးသွားများထံမှ ငွေကြေးတောင်းခံလေ့ရှိသည်။ ဆိုင်ကယ်စီးလူငယ်များကိုလည်း ရပ်တန့်စစ်ဆေးလေ့ရှိသည်။ အကြောင်းပြချက်ခိုင်ခိုင်လုံလုံမရှိဘဲ အတင်းအဓမ္မ ငွေကြေးတောင်းခံလေ့ရှိကြောင်း ဒေသခံများက ပြောသည်။

### ၂၀၂၂ စက်တင်ဘာ (၁၅) ရက်နေ့

အမှတ် (၅၀၅) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီးစိုးမင်းသူနှင့် ရဲအရာရှိထွန်းတင်ဦးတို့က လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားကျူးလွန်နေကြောင်း ဒေသခံများက ပြောသည်။ "**စက်တင်ဘာလလယ်ကတည်းက ဘယ်မှသွားလာလို့ မရတော့ဘူး။ ရွာအပြင်ထွက်ပြီး အလုပ်လုပ်လို့လည်း မရတော့ဘူး။ ပိုက်ဆံတောင်းတာ မိန်းကလေးငယ်တွေကို လိင်အကြမ်းဖက်တာ အများကြီးပဲ**" ဟု ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။ "**လုံခြုံရေးအကြောင်း ပြပြီး စစ်အုပ်စုတို့က ငွေတောင်းတာပဲ။ လူငယ်တွေအတော်များများဆီက သူတို့တောင်းနေတာ။** တစ်ချို့ ဆို ဆိုင်ကယ်ကို သိမ်းထားပြီး ပိုက်ဆံ (၂) သိန်းနဲ့ လာရွေးခိုင်းတာ။ စက်တင်ဘာ (၁၃) ရက်နေ့မှာ လည်း ရွာထဲကို လက်နက်ကြီးတွေ ရမ်းသမ်းပစ်သေးတယ်။ ဘုန်းကြီးကျောင်းအပါအဝင် နေအိမ် (၁၄) လုံးလောက် ပျက်စီးသွားတယ်။ စစ်အုပ်စုတို့ရောက်လာတာ ရွာသားတွေအတွက် ဘာမှမကောင်း ဘူး။ ကင်းစောင့်ခိုင်းတယ်။ လုပ်အားပေးခိုင်းတယ်။ ကားတွေကို ချောဆွဲတယ်။ ပေါ်တာဆွဲတယ်။ လုယက်တယ်" ဟု ၎င်းက ဆက်ပြောသည်။



## ၂-ခ-၈) အကျင့်ပျက်ခြစားမှု

အာဏာသိမ်းပြီးနောက်ပိုင်း အာဏာပိုင်များက မှုခင်းများကို ကိုယ်တွယ်ရန် စိတ်ဝင်စားမှု မရှိတော့ချေ။ ၎င်းပြင် လက်ကိုင်ဖုန်း၊ မော်တော်ဆိုင်ကယ်စသည့် ပြည်သူလူထု၏ ပိုင်ဆိုင်မှုများကို အတင်းအဓမ္မလုယူပြီး အဆိုပါပစ္စည်းများ ပြန်လည်ရယူလိုပါက စစ်ကောင်စီတပ်ဖွဲ့ဝင်များကို လာဘ်ငွေပေးနေရသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များအပြင် အစိုးရဌာနဆိုင်ရာများမှ ဝန်ထမ်းများကလည်း လာဘ်ပေးလာဘ်ယူမှုကို အာဏာသိမ်းပြီးနောက်ပိုင်း ပြောင်ပြောင်တင်းတင်းလုပ်ဆောင်နေကြသည်။

လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများကို အကွက်ရိုက်ရောင်းချမှုသည် မွန်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ဖြစ်ပွားလျက် ရှိပြီး အကွက်ရိုက်ရောင်းချသူနှင့် ဌာနဆိုင်ရာအရာရှိဝန်ထမ်းများအကြား ကျပ်သိန်းရာချီလာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ကာ လုပ်ကိုင်နေကြကြောင်း သိရသည်။

**“အကုန်လုံး “နားလည်မှု”နဲ့ လုပ်နေကြတာပဲ။ အဲကြောင့်မို့ မြေယာတွေက မြေပုံပေါ်မှာတစ်မျိုး ပကတိမြေမြင်မှာတစ်မျိုး ဖြစ်နေတယ်။ ပြောရရင် (အစိုးရ)မြေပုံမှာ မြေလွတ်မြေရိုင်းလို့ သတ်မှတ်ထားပေမဲ့ တကယ့်မြေပြင်မှာတော့ ပိုင်ရှင်ရှိတဲ့မြေကွက်တွေ ဖြစ်နေတယ်။ မြေပုံမှာ လယ်မြေဆိုပေမယ့် အပြင်မှာ လူနေအိမ်ကွက်တွေ ဖြစ်နေတယ်”** ဟု စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးက ပြောပါသည်။

## ၂-ခ-၉) ပြည်သူကို အကြမ်းဖက်ရန် စစ်အုပ်စုတို့ထောက်ခံသည့်အဖွဲ့များကို ပိုမိုအသုံးပြုလာခြင်း

စစ်အုပ်စုတို့က ပြည်သူလူထုအပေါ် အကြမ်းဖက်ရန် စိတ်ပိုင်းဖြတ်ထားသဖြင့် ၎င်းတို့ကိုထောက်ခံသည့်အဖွဲ့များကို ပြည်သူ အကြား ဖြန့်ကျက်ကာ အကြမ်းဖက်မှုများကို ကျူးလွန်လာသည်။ ထို့ကြောင့် နိုင်ငံအနှံ့ သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ အများအပြား ဖြစ်ပေါ်လာသည်။

၂၀၂၂ ဖေဖော်ဝါရီလနောက်ပိုင်း မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းတွင် အမည်မသိလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာပြီး ပြည်သူများကို ဖမ်းဆီးခြင်း၊ ငွေကြေးတောင်းခံခြင်းများ ပြုလုပ်လာသဖြင့် တည်ငြိမ်မှု ပျက်ပြားခဲ့ သည်။

**“ဒီမှာနေရတာ မလုံခြုံတော့ဘူး။ ကိုယ့်ကိုမကြိုက်တဲ့သူက သူတို့ကို သတင်းပေးလိုက်တာနဲ့ သူတို့က လာဖမ်းပြီး ငွေတောင်းတော့တာပဲ။ အမည်မသိလက်နက်ကိုင်တွေက ရွာသားတွေကို နှိပ်စက်တာ ခဏခဏကြားနေရတယ်"** ဟု ရေးတောင်ပိုင်းမှ အမျိုးသမီးတစ်ဦးက ပြောပါသည်။ နိုင်ချန်းဦးဆောင်သည့် ရာမညတပ်မတော်အမည်ရှိ လက်နက်ကိုင်

တပ်ဖွဲ့က ရွာသားအချို့ကို မူးယစ်ဆေးနှင့် ဘိန်းစာရွက်ရောင်းချသည်ဟု စွပ်စွဲကာ ဖမ်းဆီးငွေတောင်းမှုများ ပြုလုပ်နေသည်။

တနင်္သာရီတိုင်းတွင်လည်း စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့များ၏ အကြမ်းဖက်မှုကို ပြည်သူများက ကြုံတွေ့ခံစားနေရသည်။ နေအိမ်များကို လုယက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတို့ကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေသည်။ ဦးရေဆယ်ချီသော ပြည်သူများမှာ ဖမ်းဆီးခံရပြီး သတ်ဖြတ်ခံနေရသည်။ တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့သည်။ အခြေအနေက တည်ငြိမ်မှုမရှိဘဲ စိုးရိမ်ဖွယ်ရာဖြစ်နေသည်။

**၂၀၂၂ မေလ (၂) ရက်နေ့**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် အသက် (၅၀) အရွယ် ဒေါ်ရှမ်းမအိမ်သို့ စစ်အုပ်စုတို့ ထောက်ခံသူ (၂) ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး သူ့ကို သေနတ်ဖြင့် ပစ်သတ်ကာ ထွက်ပြေးသွားသည်။ ဤဖြစ် ရပ်မတိုင်ခင်ကလည်း ထားဝယ်၊ လောင်းလုံမြို့နယ်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဝင် တစ်ဦးနှင့် ထောက်ခံသူတစ်ဦးတို့ သတ်ဖြတ်ခံခဲ့ရသည်။ စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့များက သတ် ဖြတ်သွားခြင်းဖြစ်ကြောင်း ပြည်သူများက ပြောသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ထောက်ခံသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားသတ်ဖြတ်သွား မည်ဖြစ်ကြောင်း စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့များက ပေါ်ပေါ်ထင်ထင်ကြေညာနေသည်။

**၂၀၂၂ ဇွန်လ (၁၅) ရက်နေ့**

မနက် (၄) နာရီခန့်တွင် လူ (၁၂) ဦးခန့်ပါသည့် စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့တစ်ခုက ထားဝယ်၊ ရေဖြူ မြို့နယ်၊ ကေနိကျေးရွာသို့ ရောက်ရှိလာပြီး အသက် (၂၂) နှစ်အရွယ် ကိုမျိုးကိုနှင့် အသက် (၂၃) နှစ် အရွယ် ရဲပိုင်စိုင်းတို့ လူငယ် (၂) ဦးကို သတ်ဖြတ်ခဲ့သည်။ ကျေးရွာကို ဝင်ရောက်စီးနင်းစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် ဦးကြည်ငွေ၏နေအိမ်ကိုလည်း ဖုံးခွဲခဲ့ပြီး ကျေးရွာအတွင်း ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ၎င်းတို့အဖွဲ့၏အမှတ်တံဆိပ်ကို ကျေးရွာအနှံ့ ဖြန့်ကျဲထားခဲ့သည်။ ဥပဒေပြင်ပသတ်ဖြတ်မှုများ အများအပြားဖြစ်ပွားနေသော်လည်း စစ်အုပ်စုတို့နှင့်အာဏာပိုင်များက တာဝန်ယူမှု မရှိချေ။ **"ကျွန်တော်တို့ဘဝကတော့ တကယ့်စစ်မြေပြင်ထဲ ရောက်နေသလိုပဲ"** ဟု ရေဖြူမြို့နယ် ဝက်ချောင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**၂၀၂၂ ဇွန်လ (၁၆) ရက်နေ့**

ရေဖြူမြို့နယ် ဝန်ဖိုကျေးရွာအုပ်စု ကညင်အင်းကျေးရွာမှ အသက် (၅၀) အရွယ် အမျိုးသားတစ်ဦးကို အမည်မသိအဖွဲ့တစ်ခုက သတ်ဖြတ်ခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း တနင်္သာရီတိုင်းတွင် အပြစ်

မဲ့ပြည်သူများ မကြာခဏသတ်ဖြတ်ခံနေရသည်။ စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့များဖြစ်သည့် ပျူစောထီးနှင့် စွန်ရဲသွေးသောက်အဖွဲ့များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်များ၏ မိသားစုဝင်များကို ပစ်မှတ်ထား တိုက်ခိုက်နေသည်။

### ၂၀၂၂ ဇွန်လ (၂၄) ရက်နေ့

စွန်ရဲသွေးသောက်အဖွဲ့က ရေဖြူမြို့နယ် ကေနိကျေးရွာမှ ရွာသား (၂) ဦးကို သတ်ဖြတ်ပြီး နေအိမ် (၁) လုံးကို ဖျက်စီးခဲ့သည်။ ရွာသား (၂) ဦး၏ အလောင်းပေါ်တွင် ၎င်းတို့၏အမှတ်တံဆိပ်ကို ဖြန့်ကျဲထားခဲ့ကြောင်း ဒေသခံများက ပြောသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ထောက်ခံသူတစ်ဦး၏နေအိမ်ကိုလည်း ဝင်ရောက်စီးနင်းခဲ့သော်လည်း ၎င်းအား တွေ့ရှိခြင်း မရှိသဖြင့် နေအိမ်ကို ဖုံးခွဲဖျက်စီးခဲ့သည်။ **"အဲနေ့က တစ်ရွာလုံးမှာ သေနတ်သံတွေ ဆူညံနေတာပဲ။ အန်အယ်ဒီထောက်ခံသူကို မတွေ့တော့ သူ့သမီးကို အိမ်မှာလက်ပြန်ကြိုးတုပ်ပြီး ထွက်သွားတယ်"** ဟု ရွာသားတစ်ဦးက ပြောသည်။

### ၂၀၂၂ ဇွန်လ (၂၆) ရက်နေ့

အမှတ် (၄၀၆) ခြေလျင်တပ်ရင်းမှ စစ်သားများနှင့် စစ်အုပ်စုတို့လက်ကိုင်တုတ်များပါသည့် ပူးပေါင်းအဖွဲ့သည် ည (၁၁) နာရီခွဲခန့်တွင် ထားဝယ်၊ လောင်းလုံမြို့နယ် ဂဒက်ကြီးကျေးရွာရှိ နေအိမ် (၅) လုံးကို ဝင်ရောက်စီးနင်းခဲ့သည်။ အသက် (၆၀) အရွယ် လင်မယားနှစ်ဦးကို လက်ပြန်ကြိုးတုပ်ပြီး အနီးကပ်ပစ်သတ်ခဲ့သည်

### ၂၀၂၂ ဇူလိုင်လ (၉) ရက်နေ့

စစ်သားများနှင့် စစ်အုပ်စုတို့လက်ကိုင်တုတ်ပူးပေါင်းအဖွဲ့တစ်ခုက ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက် ရှိ နေအိမ်တစ်အိမ်ကို ဝင်ရောက်စီးနင်းပြီး လူငယ် (၃) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့အနက်မှ လူငယ် တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း နောက်ပိုင်းတွင် သိရှိရသည်။

### ၂၀၂၂ ဇူလိုင်လ (၁၄) ရက်နေ့

မြိတ်နည်းပညာတက္ကသိုလ်နှင့် မြိတ်ကွန်ပျူတာတက္ကသိုလ်မှ ကထိက (၂) ဦးကို အာဏာဖီဆန်ရေးလှုပ်ရှားမှုနှင့်ပတ်သက်သည်ဟုဆိုကာ စစ်အုပ်စုတို့က ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူ (၂) ဦးစလုံးမှာ အမျိုးသမီးများဖြစ်ပြီး ဒေါ်အိအိဖြိုးနှင့် ဒေါ်သီသီဆွေတို့ ဖြစ်ကြသည်။ အင်အားသုံးဖမ်းဆီးမှုအတွင်း စစ်သားများက ၎င်းတို့ကို ရိုက်နှက်ခဲ့သည်။

## ၂-ခ-၁၀) တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများကို ဖိနှိပ်ခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်အလုပ်သည် မြန်မာနိုင်ငံတွင် အန္တရာယ်အရှိဆုံးအလုပ်ဖြစ်သည်။ ဥပဒေကို လက်တစ်လုံးခြားအသုံးပြုပြီး တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားသည်မှာလည်း အဆန်းမဟုတ်တော့ချေ။ စိုးရိမ်ဖွယ်ရာတစ်ခုမှာ စစ်အုပ်စုတို့နှင့်အမြင်မတူသူအားလုံးကို ဥပဒေကိုအသုံးပြုပြီး နှိပ်ကွပ်နေခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အဖွဲ့ဝင်များအနေဖြင့်လည်း ဖမ်းဆီးမခံရအောင် အမြဲတမ်းတိမ်းရှောင်နေရသည်။ ၎င်းတို့၏ လက်ကိုင်ဖုန်းများကို ခြေရာမခံနိုင်ရန်နှင့် လှုပ်ရှားမှုများမှတဆင့် လက်စလက်နမကျန်အောင် အစဉ်အမြဲသတိထား နေရသည်။

### ၂၀၂၁ ဧပြီလ (၈) ရက်နေ့

ကရင်ပြည်နယ် ဘားအံမြို့မှ အသက် (၆၇) နှစ်အရွယ် ကလေးအထူးကု ဒေါက်တာအုန်းအုန်းရီကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ သူ့ကို ဧပြီလ (၈) ရက်နေ့ ညနေအချိန်တွင် အရပ်ဝတ်လုံခြုံရေး အဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ရဲအရာရှိတစ်ဦး၏ကလေးကို ဆေးကုသရန် ငြင်းဆန်သဖြင့် သူ့ကို ပုဒ်မ ၅၀၅(က)ဖြင့် တရားစွဲဆိုခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

### ၂၀၂၁ ဧပြီလ (၂၇) ရက်နေ့

ဆန္ဒပြသူနှင့် တက်ကြွလှုပ်ရှားသူ (၂၂) ဦးကို မော်လမြိုင်မြို့အနီးရှိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ၎င်းတို့အများစုမှာ မိန်းကလေးငယ်များဖြစ်ပြီး ကျောင်းဆရာမများလည်း ပါဝင်သည်။ ၎င်းတို့အနက် (၁၅) ဦးကို စစ်ကား (၂) စီးဖြင့် နေ့ခင်း (၂) နာရီတွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်သည်။

### ၂၀၂၁ ဧပြီလ (၂၉) ရက်နေ့

တနင်္သာရီတိုင်း မြိတ်မြို့မှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများအပါအဝင် ဆန္ဒပြပွဲဦးဆောင်သူ (၈) ဦးကို စစ်အုပ်စုတို့က ဖမ်းဆီးခဲ့သည်။ အခြားသပိတ်ခေါင်းဆောင်တစ်ဦးကိုလည်း ဧပြီလ (၃၀) ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး စခန်းတွင် ထိန်းသိမ်းခဲ့သည်။

### ၂၀၂၁ မေလ (၂၂) ရက်နေ့

စစ်ကောင်စီလက်အောက်ခံ ပညာရေးဝန်ကြီးဌာနက မော်လမြိုင်နည်းပညာတက္ကသိုလ်မှ ပညာရေးဝန်ထမ်း (၄၄) ဦးကို တာဝန်မှရပ်စဲခဲ့သည်။ ကထိကအပါအဝင် ပညာရေးဝန်ထမ်း အနည်း ဆုံး (၅၅) ဦးကို ထုတ်ပယ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

### ၂၀၂၁ မေလ (၂၅) ရက်နေ့

ကျောင်းဆရာမနှင့်မိခင်တစ်ဦးဖြစ်သူ နွယ်နီအောင်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ချောင်းဆုံ မြို့နယ် ကွမ်လှာကျေးရွာတွင် ဖမ်းဆီးခဲ့သည်။ သူ၏အစ်ကိုကို ဖမ်းဆီးရန် လာရောက်စဉ် ၎င်းအား မတွေ့ရှိသဖြင့် သူ့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းနေ့တွင်ပင် တော်ကဘူးကျေးရွာမှ ရွာသား (၂) ဦးကို မတရားဝင်လက်နက်များပြုလုပ်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ ရဲတပ်ဖွဲ့က ကြိုတင်စီစဉ်ထား သည့် သက်သေများဖြင့် ဓာတ်ပုံရိုက်ခဲ့သည်။

### ၂၀၂၁ ဇူလိုင်လ (၄) ရက်နေ့

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမှ အာဏာဖီဆန်မှုတွင်ပါဝင်သူ (၂) ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင် များက ညသန်းခေါင်အချိန်တွင် ဖမ်းဆီးခဲ့သည်။ "**သူတို့က အာဏာဖီဆန်ပြီးတော့ နွေဦးတော်လှန် ရေးမှာ ပါဝင်နေတာ။ ဧပြီလကတည်းက ရှောင်နေကြတာ။ အာဏာသိမ်းပြီးကတည်းက မုတ္တမမှာ လူ (၃၀) လောက် အဖမ်းခံထားရတယ်**" ဟု ဒေသခံတစ်ဦးက ပြောသည်။

### ၂၀၂၁ ဇူလိုင်လ (၁၂) ရက်နေ့

လူငယ်ရေးရာကော်မတီမှ အရေးပါသည့်အဖွဲ့ဝင်ဖြစ်သူ ကိုမျိုးမင်းဦးနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက် (၄) ဦးတို့သည် ထားဝယ်၊ သရက်ချောင်းတွင် ဖမ်းဆီးခံခဲ့ရသည်။ "သူတို့လေးယောက်စလုံးကို ခလရ (၄၀၄) မှာ ထိန်းသိမ်းထားတယ်။ မြုိ့နယ်စစ်ကောင်စီက မျိုးမင်းဦး၊ အောင်မျိုးသက်၊ အေးမွန်နဲ့ ပြည့်စုံဦးတို့ကို မေးစရာရှိလို့ဆိုပြီး ခေါ်သွားပြီးတော့ ပြန်မလွှတ်တော့ဘူး" ဟု လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။ ကိုမျိုးမင်းဦးသည် အခြားနည်းဖြင့်သန်စွမ်းသူတစ်ဦးဖြစ်ပြီး တနင်္သာရီဒေသတွင် လူငယ်မူဝါဒကော်မတီကို ဦးဆောင်နေသူတစ်ဦး ဖြစ်သည်။ စစ်အုပ်စုတို့လက်ကိုင် တုတ်အဖွဲ့များထံမှ ခြိမ်းခြောက်စာများ မကြာခဏ လက်ခံရရှိခဲ့ကြောင်း ၎င်း၏မိသားစုဝင်များက ပြောသည်။

### ၂၀၂၂ ဇူလိုင်လ (၁၅) ရက်နေ့

မြိတ်နည်းပညာတက္ကသိုလ်နှင့် မြိတ်ကွန်ပျူတာတက္ကသိုလ်မှ ကထိက (၂) ဦးကို အာဏာဖီဆန်မှုတွင် ပါဝင်သည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ ဇူလိုင်လ (၁၅) ရက်နေ့ ညနေတွင်လည်း ကွန်ပျူတာ တက္ကသိုလ် စတုတ္ထနှစ်ကျောင်းသူ အသက် (၂၁) နှစ်အရွယ် မသူဇာဝင်းထက်ကိုလည်း ဝရမ်းမပါဘဲ သူ၏နေအိမ်တွင် ဖမ်းဆီးခဲ့သည်။ နေအိမ်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်စီးပြီး အကြမ်းဖက် ဖမ်းဆီးခဲ့ကြောင်း သက်သေများက ပြောသည်။ ဖမ်းဆီးခံရသည့် ကထိကနှင့် တက္ကသိုလ်ကျောင်း သူကို မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မသိရှိရချေ။



### ၂၀၂၂ ဇူလိုင်လ (၃၁) ရက်နေ့

ည (၁၁) နာရီအချိန်ခန့်တွင် လမိုင်းရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပရဟိတအဖွဲ့ဝင်လူငယ် တစ်ဦးကို ပစ်သတ်ခဲ့သည်။ ရဲစခန်းကို ညအချိန် မသင်္ကာဖွယ်ချဉ်းကပ်လာသဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။ သို့သော် သေဆုံးသူ၏ မော်တော်ဆိုင်ကယ်၊ သွေးကွက်နှင့် အသုံး အဆောင် ပစ္စည်းများကို ရဲစခန်းနှင့် (၁) မိုင်ခန့် ဝေးကွာသည့် အမှတ် (၃) မြို့မရပ်ကွက်တွင် တွေ့ရှိခဲ သည်။ လူငယ်၏သေဆုံးမှုအပေါ် လမိုင်းမြို့ခံများက ရဲစခန်းကို မေးခွန်းထုတ်လျက်ရှိသည်။ လမိုင်း လူငယ်ပရဟိတအသင်းကလည်း ၎င်းတို့အဖွဲ့ဝင်အတွက် တရားမျှတမှုနှင့်အမှန်တရားကို ရှာဖွေမည် ဟု ဆိုသည်။ ၂၀၂၂ ဩဂုတ်လတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်ထံ စာတင်ခဲ့သည်။

## ၂-ခ-၁၁) မတရား, တရားစီရင်ထောင်ချခြင်း

စစ်အုပ်စုတို့၏ မတရားဖမ်းဆီးထောင်ချခြင်းကို ပထမဆုံးကြုံတွေ့ရသူများမှာ ဆန္ဒပြသူများ ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏မှတ်တမ်းများအရ ၂၀၂၁ မေလတွင် လူငယ် (၂၁၃) ဦးသည် ၎င်းတို့၏နေအိမ်မှ ဖမ်းဆီးခြင်းခံခဲ့ရသည်။ အာဏာသိမ်းပြီးလျှင်သိမ်းပြီးချင်း စစ်ကောင်စီက ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ခဲ့ပြီး အဆိုပါပြင်ဆင်ချက် ဖြင့်ပင် ကျောင်းသားကျောင်းသူများနှင့် ဆန္ဒပြသူများကို ဖမ်းဆီးထောင်ချနေခြင်း ဖြစ်သည်။

ဆန္ဒပြသူများကို ဖမ်းဆီးရာတွင်လည်း အင်အားအလွန်အကျွံသုံးကာ အကြမ်းဖက်ဖမ်းဆီးခဲ့သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်တစ်ဦး၏ မှတ်တမ်းအရ မတ်လ (၁) ရက်နေ့တွင် မြို့နယ်ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့နှင့် စစ်အုပ်စုတို့တို့က မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဆန္ဒပြလူငယ်များကို ရပ်တန့်စစ်ဆေးခဲ့သည်။ ၎င်းတို့ တစ်ဦးချင်းကို သေချာစစ်ဆေးနေပြီး ၎င်းတို့၏ မော်တော်ဆိုင်ကယ်၊ လက်ကိုင်ဖုန်းနှင့် ပိုက်ဆံအိတ်များကိုပါ စစ်ဆေးခဲ့သည်။ တစ်နာရီကျော်ကြာသည်အထိ စစ်ဆေးနေပြီး ခြိမ်းခြောက်မှုများလည်း ပြုလုပ်ခဲ့သည်။

လက်ကိုင်ဖုန်းတွင် ဆန္ဒပြရန် စည်းရုံးမှုအချက်အလက်များကို တွေ့ရှိပါက ဆက်သွယ်ရေးဥပဒေဖြင့် အရေးယူသည်။ ဆန္ဒပြပွဲတွင် သတင်းယူနေသည့် သတင်းထောက်များကိုလည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပစ်မှတ်ထားဖမ်းဆီးခဲ့သည်။ ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်သူများအားလုံးကို စစ်အုပ်စုတို့က ရန်သူသဖွယ် ဆက်ဆံသည်။

စစ်အုပ်စုတို့၏ဖမ်းဆီးခြင်းမှ လွတ်မြောက်ရန်အတွက် တက်ကြွလှုပ်ရှားသူများက တိမ်းရှောင်မှုများ ချက်ချင်းလုပ်ဆောင်ခဲ့ကြသည်။ ၂၀၂၁ ဒီဇင်ဘာလတွင် မွန်နှင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် စစ်ကောင်စီကြောင့် ကိုယ်ရောင်ဖျောက်နေရသူ အနည်းဆုံး (၂၉) ဦး ရှိသည်။ တက်ကြွလှုပ်ရှားသူနှင့် ဆန္ဒပြသူ (၁၅၃) ဦးမှာ ထောင်ချခံလိုက်ရသည်။ ဖမ်းဆီးခံရသူ၊ ထောင်ချခံရသူအရေအတွက်မှာ တဖြည်းဖြည်းမြင့်တက်လာသည်။

စစ်အာဏာရှင်ကိုဆန့်ကျင်သည့် ဆန္ဒပြသူများမှာ အကြမ်းဖက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ပိုင်ဆိုင်မှုများ၊ ဆိုင်ကယ်များနှင့် လက်ကိုင်ဖုန်းများ အသိမ်းဆည်းခံခဲ့ရသည်။ ဆန္ဒပြပွဲတွင်ဖမ်းဆီးခံရသူများသည် နေအိမ်သို့ပြန်မရောက်တော့ချေ။ မေလ (၂) ရက်နေ့ ဆန္ဒပြပွဲတွင်ဖမ်းဆီးခံခဲ့ရသူ အသက် (၂၀) အရွယ် ဇော်ငြိမ်းသစ်သည် မေလ (၄) ရက်နေ့တွင် စစ်ဆေးရုံ၌ သေဆုံးသွားပြီဖြစ်ကြောင်း စစ်ကောင်စီက ၎င်း၏မိသားစုဝင်များကို အကြောင်းကြားခဲ့သည်။ ယခုဖြစ်စဉ်နှင့် အလားတူဖြစ်စဉ် (၆) ခုခန့် ဖြစ်ပွားခဲ့ပြီး မည်သူမဆို စစ်ကောင်စီ၏သားကောင် ဖြစ်နိုင်သည်။ စစ်ကောင်စီ၏အကြမ်းဖက်မှုကြောင့် လူငယ်အများအပြား တိမ်းရှောင်ပုန်းအောင်းနေကြရသည်။ "**ခုတော့ ကျွန်တော်တို့က တရားဥပဒေလည်း မရှိ၊ လုံခြုံမှုလည်း မရှိ၊ အကာအကွယ်ပေးမှုလည်း မရှိဘဲ နေ့စဉ်နဲ့အမျှ ကြောက်ရွံ့မှုနဲ့ပဲ ရှင်သန်နေရတယ်**" ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

အာဏာသိမ်းမှုကိုဆန့်ကျင်သူများကို ဖမ်းဆီးသည်သာမက ၎င်းတို့၏မိသားစုဝင်များကိုပါ ဓားစာခံအဖြစ် ဖမ်းဆီးမှုများပြုလုပ်လာသည်။ ဘားအံနှင့် မော်လမြိုင်ရှိ နေရာအတော်များများတွင် သွားလာခွင့်ကန့်သတ်လိုက်ပြီး ပုန်းအောင်းနေသူများကို ဖမ်းဆီးရန် ကြိုးပမ်းသည်။ လူငယ်များကို တရားစွဲဆိုထောင်ချနိုင်ရန်အတွက် လုပ်ကြံထားသည့်သက်သေများကို စစ်ကောင်စီက အသုံးပြုခဲ့သည်။

**၂၀၂၁ ဇူလိုင်လ (၆) ရက်နေ့**

ထားဝယ်၊ လောင်းလုံမြို့နယ် ပြင်ကြီးကျေးရွာမှ အသက် (၆၈) နှစ်အရွယ် အမျိုးသမီးနှင့် ၎င်း၏ (၁၃) နှစ်အရွယ်မြေးဖြစ်သူတို့ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။ ခင်ပွန်းဖြစ်သူကို လာရောက်ဖမ်းဆီးစဉ် ၎င်းအား မတွေ့ရှိသဖြင့် သားဖြစ်သူနှင့် ယောက္ခမဖြစ်သူတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဇနီးဖြစ်သူက ပြောသည်။

**၂၀၂၁ အောက်တိုဘာလ (၉) ရက်နေ့**

နံနက် (၈) နာရီအချိန်တွင် ထားဝယ် သရက်ချောင်းမြို့နယ် စောပြာကျေးရွာမှ မိခင်ဖြစ်သူနှင့် အသက် (၂) နှစ်နှင့် (၆) နှစ်အရွယ် ကလေးငယ် (၂) ဦးကို ဓားစာခံအဖြစ် စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့ က ဖမ်းဆီးခဲ့သည်။ ခင်ပွန်းနှင့်ဖခင်ဖြစ်သူ ကိုနိပွန်ကို လာရောက်ဖမ်းဆီးရာ ၎င်းအား မတွေ့သဖြင့် မိသားစုဝင်များကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ပူးပေါင်းတပ်ဖွဲ့ကို ပြည်သူ့စစ်ခေါင်းဆောင် ဦးအောင်စိန်နှင့် ဦးမောင်ရီတို့က ဦးဆောင်ခဲ့သည်။ ဖမ်းဆီးချိန်တွင် လက်ကိုင်ဖုန်းများကိုလည်း သိမ်းယူသွားသည်။





## အပိုင်း ၃ - အာဏာသိမ်းပြီးနောက်ပိုင်း နေရပ်ရင်းမှအဓမ္မစွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများ၏ အခြေအနေ

အာဏာသိမ်းပြီးနောက် နယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်ရာဒေသများတွင် စစ်ဘေးဒဏ်ကြောင့် နေရပ်ရင်းမှအတင်းအဓမ္မစွန့်ခွာထွက်ပြေး တိမ်းရှောင်နေကြရသည့် ပြည်သူများ၏ဦးရေမှာ တိုးပွားလာသည်။ စစ်ဧရိယာစခန်း (၉) ခုရှိ စစ်ဘေးဒုက္ခသည်များ ရင်ဆိုင်နေရသည့်အခြေအနေသည် စိတ်ပျက်ဖွယ်ရာပင် ဖြစ်သည်။

စစ်ဘေးဒုက္ခသည်များအားလုံးကို အကြောက်တရားက လွှမ်းမိုးထားသည်။ ရောဂါထူပြောခြင်း၊ ဆေးဝါးနှင့် အစားအသောက် မလုံလောက်ခြင်းကြောင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ဒုက္ခရောက်နေကြသည်။ အစားအစာမလုံလောက်မှုကြောင့် လူရာနဲ့ချီ ဆာလောင်မွတ်သိပ်နေကြသည်။ ဒေသခံများနှင့် တက်ကြွလှုပ်ရှား

သူများက အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကြိုးစားသော်လည်း ၎င်းတို့ကိုယ်တိုင်ကပင် အခက်အခဲ အကြပ်အတည်းများကို ရင်ဆိုင်နေရချိန် ဖြစ်သည်။



ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များက စစ်ဘေးရှောင် ဒုက္ခသည်များကို တက်ကြွစွာ ကူညီပေးနေသည်။ သို့သော်စစ်ဘေးရှောင်များသည် ခက်ခဲသည့်အခြေအနေတွင် နေထိုင်နေရပြီး ၎င်းတို့ အသက်မွေးမှုအတွက် အလုပ်အကိုင်များ မရှာဖွေနိုင်သဖြင့် များစွာရုန်းကန်နေရသည်။

ထားဝယ်ဒေသ ရေဖြူမြို့နယ်တွင် အဟာရမပြည့်ဝသည့်ကလေးသူငယ်အရေအတွက် မြင့်တက်လာပြီး နောက်ဆက်တွဲအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါပါ ဖြစ်ပွားလာသည်။ စစ်ကောင်စီ၏ စစ်ဆင်ရေးများကြောင့် ဒေသခံပြည်သူများမှာ စိတ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသည်။ နေအိမ်များ မီးရှို့ဖျက်ဆီးခံရပြီး လူများလည်း မကြာခဏဖမ်းဆီးခံနေရသည်။ တိကျသည့် အကြောင်းရင်းမရှိဘဲ ငွေကြေးတောင်းခံနေရသည်။ အဆိုပါဒေသတွင် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်သလောက် ဖြစ်နေသည်။

စစ်အုပ်စုတို့က စစ်ဆင်ရေးများကို ပိုမိုပြုလုပ်လာသည်နှင့်အမျှ ဒေသခံပြည်သူများမှာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို စွန့်ပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရသည်။ တနင်္သာရီတိုင်း ပုလောစစ်ရှောင်စခန်းတွင် အစားအစာပြတ်လပ်မှုကြုံတွေ့နေရသည်။ ၂၀၂၂ ဇွန်လတွင် စစ်ရှောင်ဦးရေ (၁,၁၆၆) ဦး ရှိခဲ့ရာမှ ဇူလိုင်လတွင် (၁,၉၅၀) ဦးအထိ တိုးပွားလာသည်။ အဆိုပါအရေအတွက်သည် ခန့်မှန်းခြေအရေအတွက်သာ ဖြစ်ပြီး ပကတိမြေပြင်တွင် ဖော်ပြထားသည့် ကိန်းဂဏန်းထက် ပိုမိုများပြားနိုင်သည်။

မွန်ပြည်သစ်ပါတီအနေဖြင့်လည်း စစ်ဘေးရှောင်များကို ခိုလှုံစရာနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ သို့သော် လိုအပ်ချက်များမှာ ကြီးမားနေဆဲဖြစ်သည်။ မွန်ပြည်သစ်ပါတီက စစ်ကောင်စီနှင့် ထိတွေ့ဆက်ဆံနေသဖြင့် ၎င်းတို့၏အစီအမံများကို ပြည်သူများက ယုံကြည်ရန်ခက်ခဲနေသည်။

စစ်ကောင်စီ၏အကြမ်းဖက်မှုရန်မှ လွတ်မြောက်ရန်မှာ အိုးအိမ်စွန့်ခွာထွက်ပြေးခြင်းနည်းလမ်းတစ်ခုသာ ရှိသည်။ ထွက်ပြေးလာသူများကလည်း နေအိမ်သို့ တစ်ဖန်ပြန်ရန် ကြောက်ရွံ့နေသည်။

စစ်ကောင်စီက ပြည်သူများကို ပိုမိုစောင့်ကြည့်လာသဖြင့် ပြည်သူများအကြား အကြောက်တရား ကြီးထွားလာသည်။ စစ်ကောင်စီက အကြမ်းဖက်မှုကို ပိုမိုလုပ်ဆောင်လာသဖြင့် ဧပြီလ စတုတ္ထအပတ်တွင် ဒေသခံအယောက် (၉၀၀) မှ (၁,၂၀၀) ကြား အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

လူငယ်များနှင့် ကလေးသူငယ်များသည် လူမှုစီးပွားကပ်ဘေးကို ကြုံတွေ့ခံစားနေရသည်။ နယ်စပ်ဖြတ်ကျော်မှုကြောင့် ဖမ်းဆီးခံရသူများတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး မိတစ်ကွဲဖတစ်ကွဲ ဖြစ်နေရသည်။ ထိုင်းနိုင်ငံအနေဖြင့် ထောင်ပေါင်းများစွာသော စစ်ဘေးရှောင်များကို လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် အကာအကွယ်များ ပေးအပ်သင့်သည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ချက်ချင်းလိုအပ်သည်။ စစ်ရှောင်ဦးရေ တစ်နေ့တစ်ခြား များပြားလာသည်။ မိမိတို့နိုင်ငံတွင် လုံခြုံစွာနေထိုင်နိုင်မှုမရှိခြင်းသည် လူမဆန်သောရက်စက်မှု ဖြစ်သည်။



# အပိုင်း (၄) အာဏာသိမ်းပြီးနောက်ပိုင်း လူမှုရေးထိခိုက်မှုများ

အာဏာသိမ်းစစ်အုပ်စုတို့က ပြည်သူတို့၏ ဒေသဖွံ့ဖြိုးရေးကို လုံးဝလစ်လျူရှုထားကြောင်း ဒေသခံပြည်သူများက အုပ်စုလိုက်ဆွေးနွေးမှုတွင် ပြောဆိုသည်။ ပြည်သူများမှာလူမှုစီးပွားအကြပ်အတည်းများကို နေ့စဉ်နှင့်အမျှ ခံစားနေရပြီး အလုပ်လက်မဲ့ဖြစ်မှု၊ ဝင်ငွေနည်းပါးမှုတို့ကို ကြုံတွေ့နေရသည်။ ကလေးများကို ကျောင်းမထားနိုင်သည့်အပြင် ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုကိုလည်း မရရှိချေ။

မွန်နှင့်ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ပြည်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ရန် လုံခြုံအေးချမ်းမှု မရှိသည့်အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြုိးရေးကဏ္ဍများကလည်း ပိုမိုဆိုးရွားလာသည်။ စစ်ကောင်စီက ပြည်သူလူထုအပေါ် စစ်ဆင်ရေးပြုလုပ်နေပြီး နိုင်ငံ့ဘဏ္ဍာအများစုကို စစ်လက်နက်ဝယ်ယူရန်အတွက်သာ အသုံးပြုနေသည်။



## လူမှုဘဝမလုံခြုံမှု

အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းသွားသဖြင့် ရာဇဝတ်မှုများ ထူပြောလာခြင်း၊ အမည်မသိ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်ခြင်းနှင့် ဆက်ကြေးတောင်းခြင်း၊ စစ်ကောင်စီ၏ ဥပဒေပြင်ပဖမ်းဆီး သတ်ဖြတ်ခြင်းနှင့် စစ်ဘေးအန္တရာယ်ကို ထိတ်လန့်ကြောက်ရွံ့နေရခြင်းစသည့် လူမှုဘဝမလုံခြုံမှုများကို ပြည်သူများက ကြုံတွေ့ခံစားနေရသည်။

### က) ရာဇဝတ်မှုထူပြောလာခြင်း

အာဏာသိမ်းပြီး တစ်နှစ်ကျော်ကာလအတွင်း မွန်ပြည်နယ် (၁၀) မြို့နယ်တွင် ခိုးမှု၊ လုယက်မှုနှင့် ဓားပြတိုက် မှုများ အများအပြားဖြစ်ပွားနေသော်လည်း ဒေသအာဏာပိုင်များဖြစ်သည့် စစ်အုပ်စုတို့နှင့်ရဲတပ်ဖွဲ့က တရားဥပ ဒေ နှင့်အညီ ထိရောက်စွာ ဖမ်းဆီးအရေးယူခြင်းများ မရှိချေ။ မော်တော်ဆိုင်ကယ် ခိုးယူခြင်း၊ ခြံတွင်စိုက်ပျိုးထားသည့် သစ်သီးဝလံများ ခိုးယူခြင်းစသည့် ရာဇဝတ်မှုများကို ပြောင် ပြောင်တင်းတင်းပင် ကျူးလွန်နေကြသည်။ ဆိုင်ကယ်ခိုးယူမှု အဖြစ်အများဆုံးမြို့နယ်များမှာ မော်လ မြိုင်၊ မုဒုံနှင့် ရေး မြို့နယ်များ ဖြစ်ပြီး ညဘက်အချိန်သာမက နေ့ခင်းဘက်အချိန်များတွင်ပါ ခိုးယူခံနေသည်ဟု သိရသည်။

> **"ဈေးဝယ်ဖို့ဆိုပြီး ဆိုင်ကယ်ကို ဈေးကြီးရှေ့မှာ ရပ်ထားခဲ့တာ။ နေ့ခင်းကြောင်တောင်ကို ယူပြေးသွားတယ်။ ယူပြေးသွားတာတွေ့နေပေမယ့် ဘာမှလုပ်မရဘူး။ ပြေးလိုက်တာမမီဘူး။ သက်ဆိုင်ရာကို သွားတိုင်ပြန် တော့လည်း ဘာမှမထူးဘူး။ ဒီနေ့အထိ ဘာသတင်းမှ မရဘူး"** ဟု သံဖြူဇရပ်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောပါသည်။






## ခ) အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်ခြင်းနှင့် ဆက်ကြေးတောင်းခြင်း

အာဏာသိမ်းပြီးနောက်ပိုင်း မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့အသစ်များ ပေါ်ပေါက်လာပြီး ပြည်သူများထံမှ ဆက်ကြေးကောက်ခံလာသည်။

နိုင်ချန်းခေါင်းဆောင်သည့် "ရာမညတပ်မတော်" ဟု အမည်ရသည့် လက်နက်ကိုင်တပ်ဖွဲ့တစ်ခုက ၂၀၂၂ ဧပြီလ (၁၂) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဟံဂံကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို ဝင်ရောက်စီးနင်းပြီး ဟံဂံနှင့် ကော့လှိုင်းကျေးရွာ (၂) ရွာအနေဖြင့် ၎င်းတို့တပ်ဖွဲ့အား ကျပ်သိန်း (၇၀၀) ထောက်ပံ့ရန် ဆက်ကြေးတောင်းခဲ့သည်။

၎င်းနောက် ဧပြီလ (၁၈) ရက်နေ့တွင် ရေးမြို့နယ်တောင်ပိုင်း အဘော်ကျေးရွာနှင့် ရေဖြူမြို့နယ်ရှိ ပေါက်ပင်ကွင်း ကျေးရွာတို့ထံ စာပေးပို့ပြီး အဘော်ကျေးရွာမှ ကျပ်သိန်း (၄၀၀)နှင့် ပေါက်ပင်ကွင်းကျေးရွာမှ ကျပ်သိန်း (၁၅၀) ထပ်မံ တောင်းခံခဲ့သည်။

> **"ကြားရတာကတော့ သူတို့ရွာကိုဝင်မယ်လို့ အသိပေးထားတယ်တဲ့။ အခုရွာမှာရှိနေတဲ့သူတွေ ကြောက်နေကြတယ်။ ည (၈) နာရီကျော်သွားရင် ဘယ်မှမသွားရဲတော့ဘူး"** ဟု ရေဖြူမြို့နယ်မှ ဒေသခံရွာသူ/သား တစ်ဦး က ပြောပါသည်။

> **"အခုနောက်ပိုင်း နာမည်မရှိတဲ့အဖွဲ့တွေ အများကြီးပေါ်လာတယ်။ လုပ်စားတဲ့အဖွဲ့တွေ များလာတော့ အေးအေးချမ်းချမ်း မနေရဘူး"** ဟု ရေးတောင်ပိုင်းမှ အမျိုးသားတစ်ဦးက ပြောပါသည်။

## ဂ) ဥပဒေပြင်ပဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် စစ်ဘေးအန္တရာယ်ကို ထိတ်လန့် ကြောက်ရွံ့နေရခြင်း

မွန်ပြည်နယ်ရှိ မြို့ကြီးအတော်များများတွင် ဒေသခံကာကွယ်ရေး(People Defense Force – PDF)အဖွဲ့ဝင်များနှင့် အာဏာရှင်လက်အောက်တွင်အလုပ်လုပ်ရန်ငြင်းဆန်ခြင်း (Civil Disobedience Movement – CDM) တွင် ပါဝင်သူများကို ရှာဖွေရန်ဟုဆိုကာ စစ်ကောင်စီလုံခြုံရေးတပ်ဖွဲ့ဝင်များက ညအချိန်ရှာဖွေမှုများကို ဆက်တိုက်လုပ်လာသဖြင့် ပြည်သူလူထုအကြားတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပွားနေသည်။

> **"အရင်ကတော့ (ညဘက်)စစ်ဆေးတယ်ဆိုတာ တွေ့ရခဲတယ်။ ခုတော့ မဟုတ်ဘူး၊ ညတိုင်းလိုလို စစ်နေတယ်။ အထူးသဖြင့် မော်လမြိုင်၊ သံဖြူဇရပ်နဲ့ ရေးမြို့တွေမှာ ပိုစစ်တယ်"** ဟု မော်လမြိုင်မြို့မှ ဒေသခံတစ်ဦးက ပြောပါသည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာတွင်လည်း အာဏာသိမ်းမှုကိုဆန့်ကျင်သဖြင့် စစ်တပ်က လိုက်လံဖမ်းဆီးမှုကြောင့် မိသားစုလိုက်ထွက်ပြေးတိမ်းရှောင်နေရသူ အများအပြားပင် ရှိသည်။

**"အာဏာသိမ်းထားတာပဲ (၁) နှစ်ကျော်နေပြီ။ ပြီးတော့ ဝမ်းဝရမ်းတွေ ဘာတွေလဲမပါဘူး။ ညဘက်တွေဆို အကြောင်းမရှိ အိမ်ကို လာစစ်ဆေးတယ်။ အဲလိုတွေ ခဏခဏလုပ်နေတော့ (တစ်ချို့တွေက) ကြောက်ပြီး တိမ်းရှောင်သွားကြတာပေါ့"** ဟု အစင်ကျေးရွာဒေသခံတစ်ဦးက ပြောပါသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ဝဲခမိ၊ စခန်းကြီး၊ ကလိုင်ဗဒေါ၊ အေးကမ္ဘာ၊ ဝယ်တော့နှင့် ဦးချေး-ဒေါ်ယိမ်း တည်ထောင်ထားသော ကျေးရွာအနီးတဝိုက်တွင် ဗမာစစ်တပ်၊ ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက စစ်ရေးလှုပ်ရှားမှုများ မကြာခဏပြုလုပ်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏လူနေမှုဘဝနှင့် အသက်လုံခြုံရေးတို့အတွက် စိုးရိမ်ပူပန်နေသည်။

မွန်ပြည်နယ် ရေးမြို့နယ်အရှေ့ပိုင်းရှိ ကျေးရွာများသည် ဒေသခံကာကွယ်ရေးတပ်များ ဝင်ထွက်လှုပ်ရှားရာ ကျေးရွာများ ဖြစ်နေသည့်အတွက် စစ်ကောင်စီတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများသို့ စစ်ကြောင်းထိုးပါက ၎င်းတို့နယ်မြေသည် စစ်တလင်းဖြစ်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေကြသည်။

> **"ကျွန်တော်တို့ရွာကိုတော့ ဗမာစစ်တပ်လည်း လာတယ်၊ မွန်ကလည်း လာတယ်၊ ကရင်တပ်လည်း လာတာပဲ။ PDF တွေလည်း ဝင်ထွက်နေတာပဲ။ တစ်နေ့ ဗမာစစ်တပ်က စစ်ဆင်ရေးလုပ်လာမယ်ဆိုရင် တိုက်ပွဲဖြစ်လာမှာကို ကြောက်တယ်။ တိုက်ပွဲဖြစ်ရင် ဒီကရွာတွေက စစ်တလင်းဖြစ်သွားမယ်။ အဲလိုဆိုရင် စစ်ဘေးရှောင်ရတာတွေ ဘာတွေဖြစ်လာမယ်"** ဟု ကိုင်းတောရွာသားတစ်ဦးက ပြောပါသည်။

တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် ပြည်သူများမှာ ခိုးမှု၊ လုယက်မှုများကို ကြုံတွေ့နေရသည့်အပြင် မိမိတို့၏အသက်လုံခြုံမှုအတွက်လည်း စိုးရိမ်ပူပန်နေရသည်။

စစ်ကောင်စီလက်အောက်ရှိ ရဲတပ်ဖွဲ့ဝင်များကလည်း ရာဇဝတ်မှုနှင့် ရဲအရေးပိုင်သည့် အခြားအမှုများကို ကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိသဖြင့် ပြည်သူများကလည်း ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားမှုများ မပြုလုပ်တော့ဘဲ နစ်နာဆုံးရှုံးမှုများကို ကြိတ်မှိတ်ပြီး ခါးစည်းခံနေရသည်။

> **"၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်က စစ်အစိုးရခေတ်လိုမျိုး ပြန်ဖြစ်သွားပြီ"** ဟု မုဒုံမြို့နယ်မှ ဆန်ကုန်သည်တစ်ဦးက ပြောပါသည်။




## ဃ) ပညာရေးကဏ္ဍ

အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပညာရေးဝန်ထမ်းအများအပြား ပါဝင်ခဲ့သည့်အားလျော်စွာ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍသည် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိခဲ့သည်။

ပညာရေးဝန်ထမ်းနှင့် ဆရာဆရာမများ မလုံလောက်ခြင်း၊ လုံခြုံရေးအခြေအနေကြောင့် စာသင်ကျောင်းမဖွင့်လှစ်နိုင်ခြင်း၊ ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးအာမခံချက် မရှိခြင်းစသည့် ပြဿနာများ ပေါ်ပေါက်လာသည်။ စစ်ကောင်စီက စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် အတင်းအဓမ္မလုပ်ဆောင်ခြင်းနှင့် ကျောင်းသားကျောင်းသူများ



စာသင်ကျောင်းသို့လာရောက်ရန် မိဘများကို ဖိအားပေးခြင်း များလုပ်ဆောင်ခဲ့သော်လည်း အောင်မြင်ခြင်း မရှိချေ။ ၎င်းပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် တိုင်းရင်းသားဘာသာသင် ဆရာဆရာမများအတွက် လုပ်ခလစာများကိုလည်း စစ်ကောင်စီက မထောက်ပံ့နိုင်တော့ချေ။

## က) ပညာရေးဝန်ထမ်းနှင့် ဆရာဆရာမများ မလုံလောက်ခြင်း



၂၀၂၁-၂၂ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် ကြိုးစားနေ သည့် စစ်ကောင်စီက မွန်ပြည်နယ်အတွင်းရှိ ကျောင်း ၏အုပ် (၁၃) ဦးအပါအဝင် သင်ကြားစီမံ ဆရာဆရာမစုစုပေါင်း (၃,၁၈၁) ဦးကို တာဝန်မှ ရပ်ဆိုင်း ထားပြီးဖြစ်ကြောင်း ပညာရေးမှူးရုံးမှ ထုတ်ပြန်သော အချက်အလက်များအရ သိရှိရ သည်။

ကျိုက်ထိုမြို့နယ်မှ သင်ကြားစီမံဝန်ထမ်းဆရာ ဆရာမ (၅၇၉) ဦး၊ သထုံမှ (၅၃၀) ဦး၊ ပေါင်မှ (၄၄၁) ဦး၊ ချောင်းဆုံမှ (၁၁၂) ဦး၊ မော်လမြိုင်မှ (၃၃၈) ဦး၊ မုဒုံမှ (၂၁၉) ဦး၊ ကျိုက်မရောမှ (၃၃၂) ဦး နှင့် ရေးမြို့နယ်မှ (၆၁၇) ဦးတို့ကို လုံလောက်သော အကြောင်းပြချက်မရှိဘဲ တာဝန်ချိန်ပျက် ကွက်သည်ဟုဆိုကာ မေလ (၇) ရက်နေ့တွင် အစုလိုက်အပြုံ လိုက် တာဝန်ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။

၎င်းပြင် အထက်တန်းကျောင်းအုပ် (၄) ဦးနှင့် အလယ်တန်းကျောင်းအုပ် (၉) ဦးတို့ကိုလည်း မေလ (၁၂) ရက်နေ့တွင် တာဝန်မှ ရပ်ဆိုင်းကြောင်း ထုတ်ပြန်ခဲ့သည်။

၎င်းပြင် အမျိုးသားညီညွတ်ရေးအစိုးရနှင့်ပူးပေါင်းပြီး ဖွင့်လှစ်ထားသော Kaung 4 You online စာသင်ကျောင်းမှ အချက်အလက်ပေါက်ကြားမှုကြောင့် အဆိုပါကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူအချို့ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကိုယ်ပိုင်စာသင်ကျောင်းများတွင် စာသင်နေသည့် CDM ဆရာဆရာမများကို သက်ဆိုင်ရာကျောင်းများက အလုပ်ရပ်နားလိုက်ကြောင်း သိရသည်။

> **"ကျွန်မက ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ခုမှာ အချိန်ပိုင်းစာသင်နေတာပါ။ အဲဒီကိစ္စပေါ်လာတဲ့နောက်မှာ ကျောင်း အုပ်ကြီးက ခေါ်ပြီး "နောက်နေ့ ကျောင်းမလာနဲ့တော့" ဆိုပြီး ပြောတာ"** ဟု မော်လမြိုင်မြို့မှ CDM ဆရာမတစ်ဦးက ပြောပါသည်။

## ခ) လုံခြုံရေးအခြေအနေကြောင့် စာသင်ကျောင်းမဖွင့်လှစ်နိုင်ခြင်း

ဆရာဆရာမအင်အား မလုံလောက်သော စစ်ကောင်စီအနေဖြင့် ၂၀၂၂-၂၃ ပညာသင်နှစ်အတွက် စာသင် ကျောင်းများ ဖွင့်လှစ်နိုင်ရန် သင့်လျော်သောလုံခြုံရေးအခြေအနေများကိုလည်း ဖန်တီးပေးနိုင်ခြင်း မရှိချေ။

မွန်ပြည်နယ် ရေးမြို့နယ်ရှိ မွန်ပြည်သစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် စစ်အုပ်စုတို့တို့ ပူးတွဲအုပ်ချုပ် သည့်ကျေး ရွာများဖြစ်သော ကလိပ်သုတ်၊ လိပ်ပုတ်နှင့် မင်းလှအေးကျေးရွာများရှိ အစိုးရစာသင်ကျောင်းများကို လုံခြုံရေး အခြေအ နေကြောင့် မဖွင့်လှစ်နိုင်ချေ။

> **"အစိုးရဘက်ကနေ ကျောင်းဖွင့်ဖို့ အမြဲတမ်းပြောနေပေမယ့် လုံခြုံရေးအခြေအနေကို ဘယ်သူမှ တာဝန်မယူရဲ ကြဘူး။ ရပ်မိရပ်ဖတွေလည်း အစည်းအဝေးထိုင်ပြီးပြီ။ အစိုးရကျောင်းတွေ မဖွင့်ဖြစ်ဘူး"** ဟု ဒေသခံတစ်ဦးက ပြောပါသည်။

၎င်းပြင် ကရင်အမျိုးသားအစည်းအရုံးနှင့် ဗမာစစ်အုပ်စုတို့အကြားဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ကရင်ပြည် နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်-တံခွန်တိုင်ဒေသအနီးတဝိုက်ရှိ ကျေးရွာ (၁၀) ရွာခန့်တွင် စာသင် ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း သိရသည်။

တောင်ဒီ၊ နန်းသိုင်းထွန်းနှင့် ထီးဖိုးနိုင်ကျေးရွာများတွင် အစိုးရစာသင်ကျောင်းများအပြင် ကိုယ်ထူကိုယ်ထ ကျောင်းများ လည်း ဖွင့်လှစ်နိုင်ခြင်း မရှိကြောင်း ဒေသခံများက ပြောပါသည်။

**“တောင်ဒီကျေးရွာမှာ အလယ်တန်းကျောင်းက ပိတ်ထားတော့ ဝင်းရော်ဆိတ်ကြီးကျေးရွာကို သွားတက်နေရတယ်။ နိုင်ငံရေးအခြေအနေမတည်ငြိမ်လို့ သွားလာနေတဲ့ကလေးတွေကို စိတ်မချဘူး"** ဟု တောင်ဒီကျေးရွာဒေသခံတစ်ဦးက ပြောပါသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် COVID-19 ကူးစက်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မွန်ပြည်နယ်ရှိ ပူးတွဲထိန်းချုပ်ကျေးရွာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

## ဂ) ကျောင်းသားကျောင်းသူများ၏ လုံခြုံရေးအာမခံချက် မရှိခြင်း



၂၀၂၂-၂၃ ပညာသင်နှစ်အတွက် မေလ (၂၆) ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျောင်းစတင်အပ် နှံရမည်ဖြစ်ပြီး ဇွန်လ (၂) ရက်နေ့တွင် စာသင်ကျောင်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စစ်ကောင်စီ က ကြေညာခဲ့သည်။

ရေးမြို့နယ်မှ ကျောင်းသား/သူမိဘများအနေဖြင့် ၎င်းတို့၏သားသမီးများကို ကျောင်းအပ်နှံစာရင်းပေးထား သော်လည်း လုံခြုံရေးအ ခြေအနေကြောင့် ကျောင်းသို့အမှန်တကယ်စေလွှတ်ရန်မှု စိုးရိမ်ကြောက်ရွံ့နေကြသည်။ စာသင်ကျောင်း များတွင် စစ်အုပ်စုတို့က တပ်စွဲထားသဖြင့် စာသင်ကျောင်းသည် ကလေးသူငယ်များအတွက် လုံခြုံမှုပေးနိုင်သည့်နေရာတစ်ခု မေးခွန်းထုတ်စရာဖြစ်နေသည်။

**“ကျောင်းအပ်ထားပြီးပြီ။ ဒါပေမဲ့ ကျောင်းမှာ ကိုယ့်ကလေးထိခိုက်မှာစိုးလို့ ပေးမတက်ခိုင်းဘူး။ စာမဖတ်တတ်တဲ့ကလေးအတွက်တော့ အရမ်းကို ပြဿနာဖြစ်ရတယ်။ ခုဆို KG တက်မယ့်သမီးလေး စာရေးစာဖတ်လုပ်တတ်ဖို့ ကျူရှင်ကောင်းကောင်း ရှာနေရတယ်"** ဟု ရေးမြို့နယ်မှ ကျောင်းသား/သူမိဘတစ်ဦးက ပြောပါသည်။

ငင်းပြင် မွန်ပြည်နယ်မှ တက္ကသိုလ်ဝင်တန်းကို အဆင့်မြင့်မြင့်ဖြင့်အောင်မြင်ထားသော ကျောင်းသူကျောင်းသား များအနေဖြင့် နိုင်ငံရေးအခြေအနေမတည်ငြိမ်ခြင်းနှင့် လုံခြုံရေးအခြေအနေကြောင့် တစ်ခြားတိုင်းနှင့် ပြည်နယ်များရှိ တက္ကသိုလ်များသို့ သွားရောက်ပညာသင်ယူရန် ကြောက်ရွံ့နေကြကြောင်း သိရသည်။

> **“ကျွန်တော်တို့ကလေးက စီးပွားရေးတက္ကသိုလ်တက်ဖို့ အမှတ်မီတယ်။ ရန်ကုန်သွားတက်ဖို့က ရန်ကုန်မှာကလည်း မအေးချမ်းဘူး။ မလွှတ်ရဲဘူး။ အမှတ်ကောင်းလည်း ဘာမှလုပ်မရဘူး။ ဒီမှာ(မော်လမြိုင်မှာ)ပဲ တက်ရမယ်။ ဒီအခြေအနေနဲ့ဆိုရင် (ကလေးကို) ဘယ်လိုမှ မလွှတ်ရဲဘူး”** ဟု ဆယ်တန်းအောင်ကျောင်းသား/သူတစ်ဦး၏ မိဘဖြစ်သူ မုဒုံမြို့နယ်မှ ပြည်သူတစ်ဦးက ပြောပါသည်။

၂၀၂၁ ဇွန်လ (၁၄) ရက်နေ့ ညနေပိုင်းကျောင်းဆင်းချိန်တွင်လည်း မွန်ပြည်နယ် ရေးမြို့နယ် အောင်မင်္ဂလာ ရပ်ကွက်ရှိ အမှတ် (၂) အလယ်တန်းကျောင်းရှေ့၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူ (၂) ဦး သေနတ်ထိမှန်ခဲ့ ပြီး တစ်ဦးမှာ သေဆုံးသွားခဲ့သည်။



## ဃ) စာသင်ကျောင်းများကို အတင်းအဓမ္မပြန်လည်ဖွင့်လှစ်စေခြင်း

စာသင်ကျောင်းမဖွင့်လှစ်နိုင်ခြင်းနှင့် ကျောင်းတက်သူနည်းပါးနေခြင်းတို့ကြောင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်နှင့် ကျောင်းတက်သူဦးရေများပြားလာစေရန် စစ်ကောင်စီ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မိဘ များကို ဖိအားပေးခဲ့သည်။




တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် မွန်ပြည်နယ် နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ ၂၀၁၉-၂၀ ပညာသင်နှစ်မှ ကျောင်းသားကျောင်းသူများအနေဖြင့် ၂၀၂၂ မေလ (၂) ရက်နေ့တွင် သင်တန်း ရေးရာဌာနသို့ လာရောက်စာရင်းပေးကြရန် အဆိုပါတက္ကသိုလ်က ၂၀၂၂ ဧပြီလ (၂၀) ရက်နေ့တွင် ကျောင်း သား/သူ၏မိဘများထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်-တံခွန်တိုင်ဒေသတွင် ၂၀၂၂ ဧပြီလမှစတင်၍ စစ်အုပ်စုတို့နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားနေသဖြင့် အဆိုပါဒေသအနီး တဝိုက်ရှိကျေးရွာများမှ စာသင်ကျောင်း (၁၀) ကျောင်းနီးပါး ပိတ်ထားခဲ့ရသည်။

ယခုအချိန်အထိ နယ်မြေတည်ငြိမ်အေးချမ်းခြင်း မရှိသေးသော်လည်း နန်းသိုင်းထွန်း၊ ဘုရားငါးဆူနှင့် တောင်ဒီ ကျေးရွာများရှိ အစိုးရစာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် သက်ဆိုင်သူများကို စစ်ကောင်စီက ဖိအားပေးညွှန်ကြားထားကြောင်း သိရသည်။

**“ကျောင်းပြန်ဖွင့်ဖို့ အမိန့်ထုတ်ထားပေမဲ့ ဆရာဆရာမတွေ ကျောင်းသား/သူမိဘတွေ ရွာက အုပ်ချုပ်ရေးမှူးတွေနဲ့ တိုင်ပင်ဆွေးနွေးရဦးမယ်။ အခု ဒီနယ်မြေက မလုံခြုံတော့ ဆရာဆရာမအများစုက စာလာသင်ဖို့ကို ကြောက်နေကြတယ်။ ပြီးတော့ ကျောင်းသား/သူတွေရဲ့ လုံခြုံရေးကိုလည်း ဘယ်သူမှ အာမ,မခံပေးနိုင်ဘူးလေ"** ဟု နန်းသိုင်းထွန်းရွာသားတစ်ဦးက ပြောသည်။

## င) ဆရာဆရာမများ၏လုပ်ခလစာနှင့် သင်ထောက်ကူများ မထောက်ပံ့နိုင်ခြင်း

ကျောင်းဖွင့်ရန်အတွက် အမိန့်နှင့်ညွှန်ကြားချက်များကိုသာ ပေးနိုင်သည့်စစ်ကောင်စီက အစိုးရစာသင်ကျောင်း များရှိ ဆရာဆရာမများ၏လုပ်ခလစာများကို မထောက်ပံ့နိုင်တော့သကဲ့သို့ ကျောင်းသားကျောင်းသူများ အတွက် တိုင်းရင်းသား ဘာသာပြဋ္ဌာန်းစာအုပ်များကိုလည်း မထောက်ပံ့နိုင်တော့ချေ။

စာသင်ကျောင်းများစတင်ဖွင့်လှစ်သည့် ၂၀၂၂ ဇွန်လမှစ၍ (၁) လကျော် ကြာမြင့်လာသည်အထိ တိုင်းရင်းသား ဘာသာသင် ဆရာဆရာမများမှာ လုပ်ခလစာရရှိခြင်း မရှိသေးချေ။

**“(တိုင်းရင်းသားဘာသာသင်တဲ့) ဆရာဆရာမတွေ တစ်ယောက်မှ လစာ မရသေးဘူး။ တစ်ခြား ဆရာ, ဆရာမတွေက လခရတယ်။ မွန်ဘာသာသင်ဆရာဆရာမတွေပဲ တစ်ယောက်မှ မရသေးတာ။ ကျောင်းကို မေးတော့လည်း သူတို့မသိဘူး၊ သူတို့တာဝန် မဟုတ်ဘူးတဲ့။ မွန်စာပေနဲ့ယဉ်ကျေးမှုကို မေးတော့လည်း သူတို့တာဝန် မဟုတ်ဘူး၊ အစိုးရကလုပ်ပေးရမှာလို့ ပြောတယ်"** ဟု ကျိုက်မရောမြို့နယ်မှ မွန်ဘာသာသင်ဆရာမတစ်ဦးက ပြောပါသည်။



၎င်းပြင် ၂၀၂၂-၂၃ ပညာသင်နှစ်အတွက် အစိုးရစာသင်ကျောင်းများတွင် ပညာသင်ယူနေကြသည့် မွန်လူမျိုးကျောင်းသား/သူများအတွက် သက်ဆိုင်ရာတိုင်းရင်းသားဘာသာပြဋ္ဌာန်းစာအုပ်များကို ပညာရေးဝန်ကြီးဌာန က ထောက်ပံ့ပေးအပ်ခြင်းမရှိချေ။

> **"ကျောင်းစဖွင့်ကတည်းက အခုထိ ပြဋ္ဌာန်းစာအုပ် မရှိသေးဘူး။ ဘယ်သူ့ကို တင်ပြရမလဲ မသိဘူး။ ကျောင်းအုပ်တွေကို ပြောတော့ သူတို့တာဝန်မဟုတ်ဘူးတဲ့။ မွန်စာပေနဲ့ယဉ်ကျေးမှုအဖွဲ့ကို ပြောတော့လည်း ပညာရေးဝန်ကြီးဌာနတာဝန်တဲ့။ အဲတော့ ခုထိအခက်အခဲဖြစ်နေတယ်"** ဟု မုဒုံမြို့နယ်မှ မွန်တိုင်းရင်းသားဘာသာသင်ကြားရေး ဆရာမတစ်ဦးက ပြောပါသည်။

လုံခြုံရေးအခြေအနေစိုးရိမ်ပူပန်မှုများနှင့်အတူ အရည်အချင်းပြည့်မီသည့်ဆရာဆရာမများက အာဏာဖီဆန် မှုကာစာသင်ကျောင်းများကို စွန့်ခွာမှုက ပညာရေးကဏ္ဍကို အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိစေခဲ့ခြင်း ဖြစ်သည်။



## ၂-ဃ-၃) လူမှုအဖွဲ့အစည်းများနှင့် ပရဟိတအသင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း

အာဏာသိမ်းစစ်အုပ်စုတို့နှင့် ၎င်းတို့၏လက်ကိုင်တုတ်အဖွဲ့များသည် တက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များ၊ ပရဟိ တအသင်းဝင်များနှင့် နိုင်ငံရေးသမားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ လူထုအကြား အကြောက်တရား

ကြီးထွား လာစေရန် အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ မှတ်တမ်းများအရ ၂၀၂၁ ဖေဖော်ဝါရီလ (၇) ရက်နေ့မှ ဒီဇင်ဘာလ (၆) ရက်နေ့အထိ လူ (၂,၁၈၄) ဦး ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပြီး လူ အနည်း ဆုံး(၃၀၃) ဦး ထိခိုက်ဒဏ်ရာရရှိကာ အယောက် (၆၀) သေဆုံးခဲ့သည်။ လူထုအတွင်း အကြောက်တရားနှင့် စိုးရိမ်ပူပန်မှုများ ပြန့်နှံ့နေပြီး မိမိကိုယ်တိုင်နှင့် မိသားစုဝင်များကို စစ်ကောင်စီက အန္တရာယ်ပြု လာမည်ကို ထိတ်လန့်နေကြသည်။

"ကြည့်ရတာ ကျွန်တော်တို့အပေါ် ပြစ်မှုကျူးလွန်ဖို့ သူတို့မှာ လိုင်စင်ရထားတဲ့ပုံပဲ။ လူမိုက်တွေက တိုင်းပြည်ကို အုပ်ချုပ်နေတာ" ဟု ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ ကူညီကယ်ဆယ်ရေးလုပ်သားတစ်ဦး က ပြောသည်။ အကြမ်းဖက်မှုများကြောင့် ဒေသတွင်း မတည်မငြိမ်ဖြစ်လာပြီး လူထောင်ပေါင်းများစွာ နေရပ်စွန့်ခွာ ထွက်ပြေးနေရသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရကို ထောက်ပံ့သည်ဟူသော စွပ်စွဲချက်များဖြင့် နိုဝင်ဘာ (၁၅) ရက်နေ့တွင် လူ (၁၀) ဦးထက်မနည်း ဖမ်းဆီးခံခဲ့ရသည်။ ကျိုက်ထိုလူမှုကူညီရေးအသင်းမှ ကိုစိုးသီဟနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက် (၂) ဦးကို အခြားလူ (၆) ဦးနှင့်အတူ ဖမ်းဆီးခဲ့သည်။ "အပြစ်မဲ့လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်တွေ ကိုပါ ပစ်မှတ်ထားဖမ်းဆီးလာတော့ ကျွန်တော်တို့မှာ အတော်လေးအံ့သြသွားတယ်။ သူတို့က နိုင်ငံရေးနှင့် ဘာမှပတ် သက်တာ မဟုတ်ဘူး" ဟု သတင်းအရင်းအမြစ်တစ်ဦးက ပြောသည်။

## င) အာဏာသိမ်းပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေ

### င-၁) COVID-19 ကူးစက်ရောဂါအခြေအနေ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ပစ်မှတ်ထားဒေသဖြစ်သည့် မွန်နှင့်ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ရှိ ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးဝန်ထမ်းအင်အား မလုံလောက်သကဲ့သို့ ဆေးပစ္စည်းများလည်း ပြတ်လပ်နေသည်။ နှာခေါင်းစည်းများ ဈေးနှုန်းမြင့်တက်နေသည့်အပြင် COVID-19 ကူးစက်ရောဂါကုသမှုတွင် အရေးပါသည့် အောက်စီ ဂျင်နှင့် ဆေးဝါးများ ရရှိရန်လည်း ခက်ခဲလာသည်။ စစ်အုပ်စုတို့က အောက်စီဂျင်စက်ရုံများကို ထိန်းချုပ်လိုက်သဖြင့် သေဆုံး မှုနှုန်း မြင့်တက်လာသည်။ ပြည်သူလူထု၏ ကျန်းမာရေးထက် ၎င်းတို့အာဏာတည်မြဲရေးကိုသာ စစ်အုပ်စုတို့က အာရုံစိုက် နေသည်။

အာဏာမသိမ်းမီကာလတွင် COVID-19 ကူးစက်ရောဂါ ပထမနှင့်ဒုတိယလှိုင်းကာလကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ သော်လည်း အာဏာသိမ်းပြီးနောက်ဖြစ်ပွားသည့် တတိယလှိုင်းကာလတွင် ရောဂါထိန်းချုပ်ကာကွယ်ကုသသည့် ယန္တရားများအားလုံး ပျက်စီးသွားပြီဖြစ်သည်။ ပြည်သူလူထုအားဖြင့် တည်ဆောက်ခဲ့သည့် ကျန်းမာရေးစနစ်ကို

စစ်ကောင်စီက ဖျက်စီးလိုက်ခြင်း ဖြစ်သည်။ အာဏာသိမ်းမှုကြောင့် ပြိုပျက်ခဲ့ရသည့်ကဏ္ဍများအနက် ကျန်းမာရေး ကဏ္ဍသည် အဆိုးရွားဆုံးဖြစ်သည်။[16]

ကူးစက်မှုကို မထိန်းနိုင်သဖြင့် တစ်နိုင်ငံလုံးတွက် ထိခိုက်သေဆုံးမှု များပြားခဲ့ရသည်။ တရားမဝင်အုပ်စုိးနေသည့် စစ်အာဏာရှင်စနစ်အောက်တွင် ပြည်သူလူထု၏ အသက်အိုးအိမ်များ ပျက်စီးခဲ့ရသည်။ ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူနေမှုဘဝအပေါ် စစ်ကောင်စီ၏လစ်လျူရှုမှုက စိုးရိမ်ဖွယ်ရာဖြစ်နေသည်။

COVID-19 ကူးစက်ရောဂါကို စစ်ကောင်စီက လက်နက်တစ်ခုသဖွယ် အသုံးချနေသည်။ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးလုပ်သားများနှင့် စေတနာ့ဝန်ထမ်းများကို ပစ်မှတ်ထားအကြမ်းဖက်နေသည်။

မွန်ပြည်နယ်တွင် ၂၀၂၁ ဇူလိုင်လ (၁၀) ရက်နေ့အထိ COVID-19 ကူးစက်ရောဂါ အတည်ပြုလူနာ (၂,၃၀၀) ကျော် ရှိပြီး အတည်ပြုလူနာများမှ သေဆုံးသူအရေအတွက်သည် အယောက် (၇၀) ကျော် ရှိလာခဲ့သည်။ မော်လမြိုင်နှင့် သံဖြူဇရပ် မြို့နယ် (၂) ခုတွင် ရောဂါကူးစက်မှု အများဆုံးဖြစ်ပွားနေပြီး အဆိုပါကူးစက်မှုများပြားသည့်နေရာများတွင်ပင် COVID-19 ရောဂါကူးစက်မှုစစ်ဆေးရေးဌာန ဖွင့်လှစ်ပေးထားနိုင်ခြင်း မရှိကြောင်း သိရသည်။

> **“မော်လမြိုင်နှင့် သံဖြူဇရပ်ကတော့ ရောဂါအဖြစ်အများဆုံးနေရာတွေပဲ။ ဒီလောက်ရောဂါဖြစ်နေပေမယ့်လည်း ရောဂါစစ်ဆေးတဲ့နေရာ ဖွင့်ပေးထားတာမျိုး မရှိဘူး။ လူတွေလည်း ဒီလိုပဲ သွားလာနေကြတုန်းပဲ။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်ပဲ နေနေရတာ။ စစ်ကောင်စီကျန်းမာရေးဌာနကတော့ စာပဲထုတ်နိုင်တယ်၊ ရောဂါကာကွယ်ရေးကို စနစ်တကျ လုပ်မပေးနိုင်ဘူး**" ဟု ကူးစက်ရောဂါအရေး ကူညီဆောင်ရွက်ပေးနေသူ ပရဟိတအသင်းဝင်တစ်ဦးက ပြောပါသည်။

COVID-19 တတိယလှိုင်းတွင် တစ်နိုင်ငံလုံး ကူးစက်နှုန်းနှင့် သေဆုံးနှုန်း မြင့်တက်နေသည့်အပြင် ဆေးရုံများက လူနာများကို လက်မခံခြင်း၊ အောက်စီဂျင်ပြတ်လပ်ခြင်း၊ Quarantine Center များတွင် ဝန်ဆောင်မှုနှင့် ရောဂါကာကွယ်ရေး စနစ်များ ညံ့ဖျင်းခြင်းစသည့် အခက်အခဲများကို ပြည်သူလူထုက ကြုံတွေ့ခံစားခဲ့ရသည်။

COVID-19 တတိယလှိုင်းကာလတွင် ကူးစက်လူနာများကို ကုသရာ၌ အဓိကအရေးပါသည့် အောက်စီဂျင်ကို စစ်ကောင်စီက လုံလောက်စွာဖြန့်ဖြူးမပေးနိုင်သည့်အပြင် အောက်စီဂျင်ထုတ်လုပ်မှုကိုလည်း ၎င်းတို့က ထိန်းချုပ်ထားခြင်းတို့

16 [“Myanmar’s Health System Is in Collapse, ‘Obliterated’ by the Regime,”](#) *The New York Times,* 19 April 2022

ကြောင့် ကူးစက်လူနာများတွင် အောက်စီဂျင်လိုအပ်မှု များပြားနေပြီး အဆိုပါလိုအပ်မှုကို ဖြေရှင်းရန်အတွက် ပရဟိတ အသင်းများကိုသာ ပြည်သူများက အဓိက အားထားနေရသည်။

## ၄-၂) ညံ့ဖျင်းသောကျန်းမာရေးစောင့်ရှောက်မှု

နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံနှင့် ဆေးပေးခန်းများတွင် ဆေးဝါးပစ္စည်းများ ပြတ်လပ်နေသည်။ လူနာဦးရေ များပြားလာသဖြင့် ဆေးရုံကုတင်များ ပြည့်နှက်နေသည်။ ကျန်းမာရေးဝန်ထမ်းအင်အားလည်း နည်းပါးနေသည်။ COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်သော သတင်းအချက်အလက်အစစ်အမှန်များကိုလည်း သိရှိခွင့် ပြည်သူများ မရချေ။

ဆရာဝန်များသည် အာဏာသိမ်းမှုကို ပထမဆုံးဆန့်ကျင်ခဲ့သူများ ဖြစ်သည်။ ၂၀၂၁ ဇူလိုင်လ (၃) ရက်နေ့တွင် ထားဝယ်ရေဖြူမြို့နယ် ကံပေါက်ဒေသမှ ပြည်သူ့ကျန်းမာရေးအရာရှိ ဦးအောင်မင်းကို စစ်ကောင်စီ လက်အောက်ခံထားဝယ်တရားရုံးက ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့သည်။ စစ်ကောင်စီက အာဏာဖီဆန်မှုတွင်ပါဝင်သည်ဟုဆိုကာ ၎င်းကို ပုဒ်မ ၅၀၅(က)ဖြင့် တရားစွဲခဲ့ခြင်း ဖြစ်သည်။ COVID-19 ကူးစက်ရောဂါ တိုက်ဖျက်ရေးတွင် တက်ကြွစွာပါဝင်ကူညီနေသည့် ဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းများကို စစ်ကောင်စီက တိုက်ခိုက်နေသည်။

ပြိုပျက်နေသော ကျန်းမာရေးစနစ်အောက်တွင် COVID-19 ကူးစက်မှုသည် မြင့်မားနေသည်။[17] ပြည်သူများမှာ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု မရရှိသည့်အပြင် ဆေးဝါးများ၏ ရှားပါးမှုနှင့် ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ဘူးလေးရာဖရုံဆင့် ခံစားနေရသည်။[18]

# အပိုင်း (၅)- အာဏာသိမ်းပြီးနောက်ပိုင်း စီးပွားရေးထိခိုက်မှုများ

အာဏာသိမ်းပြီးနောက်ပိုင်း ငွေကြေးဖောင်းပွခြင်း၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဖိနှိပ်ခြင်း၊ လုပ်ငန်းအများအပြား ပိတ်သိမ်းသွားခြင်းနှင့် အလုပ်အကိုင်ရှားပါးလာခြင်းတို့ကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စီးပွားရေးထိခိုက်မှုများ အများအပြားဖြစ်ပေါ်ခဲ့သည်။ ၎င်းပြင် စစ်အုပ်စုတို့က လုံခြုံရေးဂိတ်များတွင် အကြောင်းမဲ့ငွေကြေးတောင်းခံခြင်း၊ လက်ကိုင်ဖုန်း၊ ဆိုင်ကယ်စသည်တို့ကို သိမ်းယူလုယက်ခြင်းနှင့် အဆိုပါပိုင်ဆိုင်မှုများကို ရွေးယူရန် ငွေကျပ်သိန်းချီပေးရခြင်းတို့ကြောင့် ပြည်သူများမှာ ပိုမိုကြပ်တည်းလာသည်။

---

17“COVID-19 infections on the rise again as Myanmar’s medical system struggles,” *Radio Free Asia,* 12 September 2022

18“Price of medicines soars in Myanmar, leaving clinics short of supplies,” *Radio Free Asia,* 8 September 2022

အာဏာသိမ်းလိုက်သည့် ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ မြန်မာ့စီးပွားရေးသည် အလုံးစုံပျက်သုဉ်းခဲ့ရသည်။ စစ်အုပ်စုတို့ပိုင် ကုမ္ပဏီများနှင့် ခရိုနီများက နိုင်ငံ၏စီးပွားရေးကို လက်ဝါးကြီးအုပ်လိုက်သည်။ လွဲမှားသောစီမံခန့်ခွဲမှုများကြောင့် ဘဏ်စနစ်ပြိုကွဲပြီး ငွေကြေးဖောင်းပွလာက အခြေခံစားသောက်ကုန်ဈေးနှုန်းများ မိုးထိအောင်မြင့်တက်လာသည်။

စီးပွားရေးပြိုလဲမှုက ပြည်သူတို့၏နေ့စဉ်ဘဝကို ရိုက်ခတ်လာသည်။ COVID-19 ရောဂါကူးစက်မှုဒဏ်ကို ခံစားနေရချိန်တွင် နိုင်ငံရေးအကြပ်အတည်းပါ ပေါ်ပေါက်လာသဖြင့် မွန်နှင့်ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ခရီးသွားလုပ်ငန်းအားလုံး ရပ်ဆိုင်းသွားခဲ့ပြီး ဟုိတယ်နှင့် ခရီးသွားလုပ်ငန်းအများစု ပိတ်သိမ်းခဲ့ရသည်။ ဈေးကွက်ကို ထိန်းချုပ်ခြင်းနှင့် အကျင့်ပျက်ခြစားခြင်းတို့က စီးပွားရေးကို ပိုမိုကျဆင်းစေသည်။ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာပြီး နေ့စားအလုပ်သမားများ၊ လယ်သမားများ၊ အစိုးရဝန်ထမ်းများ၊ မြုိ့ပြလူတန်းစားများနှင့် ရွှေ့ပြောင်းလုပ်သားများ ကြပ်တည်းလာကြသည်။ စားသောက်ကုန်ဈေးနှုန်းအပြင် နေထိုင်မှုစရိတ်၊ စက်သုံးဆီဈေးနှုန်းနှင့် သွားလာရေးစရိတ်များလည်း မြင့်တက်လာသည်။

အာဏာမသိမ်းမီအချိန်က (၁) လီတာလျှင် (၄၄၀) ကျပ်သာ ပေးချေရသည့်စက်သုံးဆီသည် အာဏာသိမ်းပြီး (၁) နှစ်ကျော်အကြာတွင် (၁) လီတာလျှင် ကျပ် (၂,၀၀၀) ကျော် ဖြစ်လာသည်။

> “အရင် မော်လမြိုင်နဲ့ကျိုက်မရောကို (၂,၅၀၀) ပေးရင် သွားနိုင်တယ်။ အခုဆီဈေး က (၁) လီတာကို (၂,၂၅၀) ဖြစ်နေ ပြီ" ဟု ဆိုင်ကယ်အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။ စက်သုံးဆီဈေးမြင့်တက်မှုကြောင့် တစ်နေ့လျှင် ငွေကျပ် (၆,၀၀၀) သာဝင်ငွေရရှိနေကြောင်း၊ အချို့နေ့များတွင် တစ်နေ့လျှင် ကျပ် (၂,၀၀၀) သာ ရရှိကြောင်း ၎င်းကပြောသည်။ စက်သုံးဆီဈေးနှုန်းမြင့်တက်နေသည့်အပြင် ပြတ်လပ်မှုလည်းဖြစ် ပေါ်နေသ ဖြင့် အငှားယာဉ်မောင်းအတော်များများ အလုပ်ရပ်နား လိုက်ရသည်။ "နေ့စားတွေ၊ ဆိုင်ကယ် ကယ်ရီတွေ၊ သုံးဘီးသမားတွေ၊ အငှားယာဉ် မောင်းတွေ အကုန်ဒုက္ခရောက်တာပဲ" ဟု ၎င်းက ဆက်ပြောသည်။

ငွေလဲလှယ်နှုန်းမတည်ငြိမ်မှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များလည်း လုပ်ငန်းရပ်နားလာရသည်။ နယ်စပ်ကုန်သွယ်ရေး ကျဆင်းလာပြီး ထိုင်းဘတ်နှင့် တရုတ်ယွမ်ငွေတို့ တန်ဖိုးမြင့်လာကြသည်။

> **“အတော့်ကိုခက်ခဲတဲ့ကာလပဲ။ ငွေ့သည်တွေမရှိလို့ အလုပ်နားထားရတယ်။ မင်းအောင်လှိုင်အာဏာသိမ်း လိုက်လို့ တိုင်းပြည်က အခြေအနေပိုဆိုးသွားတယ်။ အာဏာသိမ်းတာကို တော်လှန်ဖို့ လက်နက်ကိုင်တဲ့သူ ကလည်း ကိုင်ကုန်ပြီ။ စီးပွားရေးကလည်း ပြန်ကောင်းလာဖို့ မမြင်ဘူး။ အခုတော့ ကျွန်တော်တို့ ဟော်တယ်ပိုင် ရှင်တွေ အကုန်ခေါင်းကိုက် နေရပြီ"** ဟု မွန်ပြည်နယ်မှ ဟော်တယ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကျေးရွာအနီးအနားနှင့် ရာဘာခြံသို့ သွားရာလမ်းများတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ ဖြစ်ပွားနေသဖြင့် ဒေသခံများက ရာဘာခြံသို့ မသွားရဲကြတော့ချေ။ မိုင်းရန်ကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကြောင်လျှာကွင်းဒေသမှ ရာဘာခြံပိုင် ရှင်များက ခြံကို စွန့်ပစ်ထားရသည်။

> **“ကျွန်တော့်ခြံက ဟိုတလောကမိုင်းကွဲတဲ့နေရာနားမှာပဲ။ မိုင်းပေါက်ပြီးနောက် ခြံမသွားရဲတော့ဘူး။ နောက် ထပ်,ထပ်မပေါက်ဘူးလို့ ဘယ်သူမှ အာမ,မခံနိုင်ဘူးလေ"** ဟု ကြောင်လျှာကွင်းမှ ရာဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

၂၀၁၉ နှောင်းပိုင်းမှ ၂၀၂၀ ခုနှစ်အတွင်း ရေဖြူမြို့နယ်တွင် မြေမြှုပ်မိုင်းနင်းမိသူ (၁၀) ဦး ရှိပြီး ၎င်းတို့အနက် (၅) ဦးမှာ ကြောင်လျှာကွင်းမှ ဖြစ်သည်။

> **“မိုင်းရန်ကြောက်လို့ ခြံကို ပစ်ထားလိုက်တယ်၊ နောက်ထပ် မသွားရဲတော့ဘူး။ မိုင်းထိတဲ့သူတွေက ကိုယ့်အ နီးအနား ကလူတွေပဲလေ။ ကိုယ်ထိရင် ကိုယ့်မိသားစုပဲ ဒုက္ခရောက်မယ်။ အဲကြောင့် ကွမ်းခြံကို ပစ်ထားတာ (၃) သုံးလောက် ရှိပြီ"** ဟု အလယ်စခန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၂ စက်တင်ဘာလတွင် လျှပ်စစ်ဓာတ်အား (၁) ယူနစ်ကို (၂,၅၀၀) ကျပ်အထိ ေကာက်ခံမည်ဖြစ်ကြောင်း ရေးမြို့လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီများက သုံးစွဲသူများကို အကြောင်းကြားလာသည်။ "ဒီလကစပြီး မီတာခတက်မယ်လို့ ပြောတယ်။ တစ်အိမ်အနည်းဆုံး (၈) ယူနစ် သုံးပေးရမယ်တဲ့" ဟု ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။ အာဏာ မသိမ်းမီအချိန်တွင် ဓာတ်အားခ (၁) ယူနစ်လျှင် (၆၀၀) ကျပ်သာ ပေးခဲ့ရသော်လည်း အာဏာသိမ်းပြီး (၁) နှစ် ကျော် အကြာ ၂၀၂၂ ဖေဖော်ဝါရီလတွင် တစ်ယူနစ်လျှင် (၉၀၀) ကျပ်အထိ ဖြစ်လာသည်။ ဧပြီနှင့်မေလတွင်(၁) ယူနစ်ကို (၁,၂၀၀) ကျပ် ပေးချေခဲ့ရပြီး ဇွန်လမှ ဩဂုတ်လအထိ (၁) ယူနစ်နှုန်းထားသည် (၁,၂၅၀) ကျပ် ဖြစ်သည်။




အလုပ်လက်မဲ့ဦးရေ များပြားလာပြီး လူငယ်အများအပြား နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်နိုင်ရန် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားလာသည်။[19] အရက်သေစာသောက်စားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ မြင့် တက်လာပြီး မိသားစုပြဿနာများ ဖြစ်ပွားလာသည်။ စစ်အုပ်စုတို့က မြေယာသိမ်းယူမှုများနှင့် နေအိမ်ဖျက်စီးချိတ်ပိတ်ခြင်းတို့ ပြုလုပ်လာသဖြင့် နေထိုင်ရေးအတွက်ပါ ပူပန်နေရသည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင် မြန်မာ့စီးပွားရေးသည် (၁၈) ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းခဲ့သည်။[20]

စစ်အုပ်စုတို့၏အကြမ်းဖက်မှုအပြင် ငွေကြေးဖောင်းပွခြင်းစသည့် စီးပွားပျက်ကပ်ဒဏ်ကိုပါ ပြည်သူများက ခံစားနေရသည်။ ၂၀၂၂ ဩဂုတ်လတွင် ငွေကြေးဖောင်းပွမှု အဆိုးရွားဆုံးဖြစ်လာပြီး စားသောက်ကုန်များပါ ဈေးနှုန်းလိုက်ပါ မြင့်တက်လာ သည်။ ဆန်၊ စားအုန်းဆီ၊ ငရုပ်နှင့် ကြက်သွန်နီတို့ ဈေးနှုန်း (၃) ဆကျော် မြင့်တက်လာသည်။

---

19 "Young People Clamor to Leave Myanmar in Giant Brain Drain," *The Irrawaddy,* 18 August 2022

20 "Myanmar's shadow government deserves more help," *The Economist,* 18 August 2022




တစ်နေ့ဝင်ငွေ (၅,၀၀၀) ကျပ် ရရှိနေသည့် လုပ်သားတစ်ဦးပင်လျှင် မိသားစုကို ကျွေးမွေးနိုင်ခြင်း မရှိတော့ချေ။ ဝင်ငွေနှင့် ထွက်ငွေ မမျှတဖြစ်နေပြီး ဝင်ငွေကို အစားအသောက်ဝယ်ယူရန်အတွက်သာ အသုံးပြုနေရသည်။ "**အလုပ်ကို ဆိုင်ကယ်နဲ့သွားနေရတော့ ဓာတ်ဆီဖိုးကလည်း ရှိသေးတယ်**" ဟု အလုပ်သမားတစ်ဦးက ပြောသည်။ စစ်ကောင်စီက ဒေါ်လာနှင့် သွင်းကုန်ပို့ကုန်ဈေးကွက်ကို ထိန်းချုပ်လိုက်ခြင်းကြောင့် လုပ်ငန်းရှင်များအနေဖြင့် ဆုံးရှုံးမှု ကြီးမားခဲ့သည်။

လုပ်ငန်းရှင်အချို့က လုပ်ငန်းရပ်ဆိုင်းလိုက်သည်။ "**ထိုင်းပစ္စည်းရောင်းလာတာ ကြာပြီ။ တစ်ခါမှ ဒီလောက် မဆိုးရွားဘူးဘူး။ ထိုင်းဘတ်ငွေက ဈေးကောင်းပြီး မြန်မာကျပ်ငွေက တန်ဖိုးမရှိဘူး။ ပစ္စည်းတစ်ခုခုကို အရင်ကထက် (၃) ဆ ပေးဝယ်နေရတယ်။ ဒီရောက်တော့ ဖောက်သည်တွေက မဝယ်နိုင်တော့ဘူး။ အဲတော့ ပစ္စည်းတွေက ဆိုင်မှာ သောင်တင်နေရော။ ခုချိန်မှာ အလုပ်လုပ်ရတာ အမြတ်မရတဲ့အပြင် အရှုံးပါပေါ်နေတယ်။ ငွေဈေးက ဒီအတိုင်းပဲ သွားနေမယ်ဆိုရင် ဆိုင်ပိတ်လိုက်ရတော့မယ်**" ဟု ထိုင်းကုန်ပစ္စည်းတင်သွင်းသူတစ်ဦးက ပြောသည်။

> "**ကုန်ဈေးနှုန်းက တကယ်ကိုတက်နေတယ်။ လူတွေအားလုံး စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်။ ဝင်ငွေ ထွက် ငွေကလည်း မမျှဘူး။ တကယ်ကို ခက်ခဲနေတယ်**" ဟု နေ့စားအလုပ်သမားတစ်ဦးက ပြောသည်။

အာဏာသိမ်းပြီးနောက်ပိုင်း ခိုးမှုများ၊ လုယက်မှုများ မွန်ပြည်နယ် မြို့နယ်အားလုံးတွင် များပြားလာသည်။ စစ်အုပ်စုတို့ နှင့်ရဲတပ်ဖွဲ့က ရာဇဝတ်မှုများကို ကိုင်တွယ်ရန် စိတ်မဝင်စားသဖြင့် ပြည်သူများမှာ ဆုံးရှုံးမှုများ ထပ်ကြုံနေရသည်။ "**လောလောဆယ်တော့ မုဒုံမှာ လုယက်မှုတွေ အတော်ဖြစ်နေတယ်။ စစ်အုပ်စုတို့က အခြေအနေကို မထိန်းနိုင်တော့ဘူး။ ပြီးခဲ့တဲ့အပတ်ကပဲ မုဒုံကန်ကြီးမှာ ဆိုင်ကယ်အလုခံလိုက်ရတယ်။ လူစည်ကားတဲ့နေရာမှာတောင် လုယက်မှုက ဖြစ်နေ တယ်**" ဟု မုဒုံမြို့ခံတစ်ဦးက ပြောသည်။

စက်သုံးဆီပြတ်လပ်ခြင်း၊ ဈေးနှုန်းမြင့်တက်ခြင်း ဖြစ်ပေါ်လာသဖြင့် ကဏ္ဍပေါင်းစုံ အကြပ်ရိုက်ရပြန်သည်။ "ဆီဈေး တက်ရုံတင်မဟုတ်ဘူး၊ ဝယ်လို့ပါ မရတော့တာ။ ကျွန်တော်တို့ဆီမှာ ဆီဝယ်ချင်ရင် မြို့တက်ဝယ်ရတယ်။ ဒါတောင် အကန့်အသတ်နဲ့ပဲ ဝယ်လို့ရတာ။ ကိုယ်လိုချင်သလောက် မရဘူး။ နယ်ဘက်မှာ အခြေအနေတွေ အတော်ဆိုးနေ တယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။ ၂၀၂၂ ဩဂုတ်လ (၁၁) ရက်နေ့တွင် ရွှေတစ်ကျပ်သားလျှင် (၂၅) သိန်းနှင့် အမေရိကန်ဒေါ်လာ (၁) ဒေါ်လာလျှင် (၂,၇၅၀) ကျပ် ဈေးပေါက်နေသည်။

အကြမ်းဖက်မှု၊ ဖမ်းဆီးချုပ်နှောင်မှုများအကြား ဆက်လက်ရှင်သန်မလား၊ နေရပ်စွန့်ခွာပြီး ရေကြည်ရာ မြက်နုရာ ရှာဖွေရမလား ပြည်သူများမှာ ဆုံးဖြတ်ရခက်နေသည်။ "**နှစ်ဘက်တိုက်ခိုက်မှုမှာ ကျွန်တော်တို့က ကြားညပ်နေမှာ စိုး တယ်။ ဒီအချိန်မှာ ရတဲ့ဝင်ငွေက မိသားစုစားဖို့တောင် မလောက်ဘူး**" ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ဇွန်လ (၁) ရက်နေ့တွင် လည်ပတ်မှုရပ်ဆိုင်းခဲ့သော မော်လမြိုင်ဘိလပ်မြေစက်ရုံ (MCL – Mawlamyine Cement Limited) ကို ယခု ၂၀၂၂ ခုနှစ်တွင် ပြန်လည်,လည်ပတ်ရန် ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း ဒေသခံများ ထံမှ သိရှိရသည်။

**“၂၀၂၂ ဇန်နဝါရီလအစပိုင်းမှာ မြစ်ထဲမှာ သင်္ဘောတွေ စပြီးသွားလာနေတာကို တွေ့တယ်။ တစ်လမှာ နှစ်ခါလောက် သွားလာနေပြီ။ စက်ရုံသာ လုပ်ငန်းပြန်စမယ်ဆိုရင် နေအိမ်တွေ ထပ်ပြီးထိခိုက်လာမှာကိုပဲ ကြောက်တယ်**" ဟု ကျိုက်မရောမြို့နယ် နိတုံကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောပါသည်။ အရပ်သားအစိုးရလက်ထက်တွင်ပင် လူ့အခွင့် အရေးချိုးဖောက်မှုကို ပြင်းပြင်းထန်ထန်ကျူးလွန်ခဲ့သော မော်လမြိုင်ဘိလပ်မြေစက်ရုံအနေဖြင့် တရားဥပဒေစိုးမိုးမှု မရှိသည့် စစ်အာဏာရှင်လက်ထက်တွင် ပြန်လည်,လည်ပတ်ပါက ချိုးဖောက်မှုများ ယခင်ကထက်ပိုမိုပြင်းထန်လာမည် ကို ဒေသခံများက စိုးရိမ်နေကြခြင်း ဖြစ်သည်။

မွန်ပြည်နယ် ရေးမြို့နယ် ကုလားဂုတ်ကျွန်းပေါ်တွင် ကာလကြာရှည်ရပ်နားထားသည့် လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းများကို စစ်ကောင်စီက ယခုရက်ပိုင်းအတွင်း ပြန်လည်လုပ်ကိုင်နေသည်။

ကုလားဂုတ်ကျွန်း အပေါ်ဆိပ်နှင့် အလယ်ဆိပ်ကြား မြေညှိမြေကော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတို့၏ ခြံမြေများလည်း ပါဝင်သွားကြောင်း သိရသည်။

**“ခြံတွေလည်း ပါသွားတယ်။ လျော်ကြေးရမလား မရဘူးလားဆိုတာလည်း မသိဘူး။ ခုချိန်ထိတော့ လျော်ကြေး အတွက် ညှိနှိုင်းပြောဆိုတာမျိုး မကြားသေးဘူး။ ခြံရှင်တွေကတော့ သူတို့ခြံအတွက် လျော်ကြေးရမယ်လို့ ထင်ထားကြတယ်။ တကယ့်တကယ် ဘယ်လိုလာမယ်ဆိုတာ မသိသေးဘူး"** ဟု ဒေသခံတစ်ဦးက ပြောပါသည်။

ကုလားဂုတ်ကျွန်းရှိ မြေဧက (၃,၅၂၅) ဧကကို သိမ်းဆည်းပြီး မောရဝတီရေတပ်စခန်းဌာနချုပ်ကို တပ်ပိုင်မြေအဖြစ် အခမဲ့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ညွန့်က ၂၀၁၄ ဇွန်လ (၂၄) ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ဖြေကြားခဲ့ဖူးသည်။



၂၀၁၂ လယ်ယာမြေဥပဒေတွင် လယ်ယာမြေများကို အခြားနည်းဖြင့်အသုံးပြုခွင့်ကို တင်းတင်းကြပ်ကြပ်တားမြစ်ထားသော်လည်း စစ်ကောင်စီခန့်အုပ်ချုပ်ရေးအာဏာပိုင်များက လာဘ်ငွေများ ရယူကာ မွန်ပြည်နယ်အတွင်းရှိ လယ်ယာမြေများကို လူနေထိုင်နိုင်သည့်မြေကွက်များအဖြစ် ပြောင်းလဲခွင့်/အခြားနည်းဖြင့်အသုံးပြုခွင့်ကို လွယ်လွယ်ကူကူပင်ခွင့်ပြုလျက်ရှိသည်။

လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများကို အကွက်ရိုက်ရောင်းချမှုသည် မွန်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ဖြစ်ပွားလျက်ရှိပြီး အကွက်ရိုက်ရောင်းချသူနှင့် ဌာနဆိုင်ရာအရာရှိဝန်ထမ်းများအကြား ကျပ်သိန်းရာချီလာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ကာ လုပ်ကိုင်နေကြကြောင်း သိရသည်။

> **“အကုန်လုံး “နားလည်မှု”နဲ့ လုပ်နေကြတာပဲ။ အဲကြောင့်မို့ မြေယာတွေက မြေပုံပေါ်မှာတစ်မျိုး ပကတိမြေမြင်မှာ တစ်မျိုး ဖြစ်နေတယ်။ ပြောရရင် (အစိုးရ)မြေပုံမှာ မြေလွတ်မြေရိုင်းလို့ သတ်မှတ်ထားပေမဲ့ တကယ့်မြေပြင်မှာတော့ ပိုင်ရှင်ရှိတဲ့မြေကွက်တွေ ဖြစ်နေတယ်။ မြေပုံမှာ လယ်မြေဆိုပေမယ့် အပြင်မှာ လူနေအိမ်ကွက်တွေ ဖြစ်နေတယ်**” ဟု စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးက ပြောပါသည်။

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပေါက်ပင်ကွင်းကျေးရွာတွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် "ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း" အတွက် မြေတိုင်းတာမှု ပြုလုပ်ခဲ့ရာ အဆိုပါတိုင်းတာမှုကြောင့် နေအိမ် (၁၅) လုံး ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါထိခိုက်ပျက်စီးမှုအတွက် မြေတိုင်းတာသည့်ကုမ္ပဏီဘက်က ယနေ့အချိန်အထိ လျော်ကြေးတစ်စုံတရာ ပေးအပ်ခြင်းမရှိသေးကြောင်း သိရသည်။

အာဏာသိမ်းပြီးနောက်ပိုင်း ဆိုးရွားလာသောအခြေအနေများကြောင့် ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီအစရှိသည့် ကုမ္ပဏီကြီးများက ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ နုတ်ထွက်သွားခဲ့ပြီး ယခုအခါ အဆိုပါစီမံကိန်းတွင် ဂျပန်နိုင်ငံ Nippon Oil and Gas Exploration ကုမ္ပဏီနှင့် စစ်အုပ်စုတို့လက်အောင်ခံ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) တို့က လုပ်ကိုင်နေသည်။

အာဏာသိမ်းပြီးနောက်ပိုင်း ဌာနပေါင်းစုံမှ အစိုးရဝန်ထမ်းများသည် အာဏာဖီဆန်သည့်လှုပ်ရှားမှုတွင် ပါဝင်ကာ လုပ်ငန်းခွင်ကို စွန့်ခွာလာကြသည်။ ၎င်းတို့သည် အလုပ်သစ်ရရန် ရုန်းကန်နေရသည်။ စစ်အုပ်စုတို့နှင့် အတိုက်အခံမလုပ် လုိသဖြင့် အလုပ်ရှင်များကလည်း ၎င်းတို့ကို အလုပ်ပေးရန် တွန့်ဆုတ်နေသည်။ ၎င်းအပြင် စစ်အုပ်စုတို့က အချိန်မရွေး ဖမ်းဆီးမည့်အန္တရာယ်ကိုလည်း စိုးရိမ်နေရသည်။ **"ကျွန်မက CDM လုပ်ထားတဲ့ ကျောင်းဆရာမတစ်ယောက်ပါ။ ပုဂ္ဂလိကကျောင်းကလည်း ကျွန်မကို အလုပ်မခန့်ချင်ဘူး။ စစ်အုပ်စုတို့ကိုကြောက်လို့**

**အချိန်ပြည့်မခန့်ဘူး။ ပုဂ္ဂလိကကျောင်း အုပ်တစ်ယောက်က ကျွန်မကို သနားလို့ အချိန်ပိုင်းအလုပ်ပေးထားတယ်"** ဟု အာဏာဖီဆန်မှုတွင်ပါဝင်သူ ကျောင်း ဆရာမတစ်ဦးက ပြောသည်။

ဆင်းရဲကြပ်တည်းမှုကို ပြည်သူများသာမက ကိုယ်တိုင်အာဏာသိမ်းခဲ့သည့်စစ်အုပ်စုတို့မှ စစ်သားမိသားစုဝင်များပါ ခံစားကြ ရသည်။ အောက်ခြေတပ်သားများ၏ မိသားစုဝင်များကို အရာရှိကတော်များက ခေါင်းပုံဖြတ်အမြတ်ထုတ်နေကြသည်။ ခင်ပွန်းသည်၏လစာတစ်ခုတည်းဖြင့် ရပ်တည်နေရသည့် ၎င်းတို့အား အရာရှိကတော်များက မြင့်မားသောအတိုးနှုန်းဖြင့် ငွေချေးပေးနေသည်။ **"ကျွန်မယောကျ်ားက ရှေ့တန်းမှာ၊ ကျွန်မတို့ကတော့ တပ်ထဲမှာ နေရတယ်။ သူ့လစာငွေနဲ့ မလောက်တော့ ဗိုလ်ကြီးတွေဆီက ပိုက်ဆံချေးရတယ်။ အကြွေးတင်နေတာပေါ့။ ဆပ်လိုက် ပြန်ချေးလိုက်နဲ့ သံသရာ လည်နေတာပဲ"** ဟု တပ်သားတစ်ဦး၏ဇနီးသည်က ပြောသည်။



# အပိုင်း (၆)

## နိဂုံးချုပ်

စစ်ကောင်စီက ကျူးလွန်နေသည့်လုပ်ရပ်များသည် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်တည်မှုကိုဆန့်ကျင်သည့်ရာဇဝတ်မှု မြောက်သည်။ စစ်ကောင်စီက အကြမ်းဖက်မှုများကို စနစ်တကျဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီက တည်ငြိမ်အေးချမ်းမှု ရရှိစေရန် လုပ်ဆောင်နေသည်ဟု ပြောဆိုနေသော်လည်း လက်တွေ့အခြေအနေတွင် ပရမ်းပတာဖြစ်နေသည်။ ခုခံတွန်းလှန်စစ်များကြောင့် စစ်ကောင်စီသည် နယ်မြေအတော်များများကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ချေ။

ပြည်သူလူထုအနေဖြင့် စစ်အာဏာရှင်စနစ်ကို တောက်လျှောက်ဆန့်ကျင်ခဲ့ပြီး ဘုံရန်သူဖြစ်သည့်ဗမာ့စစ်အုပ်စုတို့ကို တော်လှန်ရန်အတွက် မတူကွဲပြားသော နောက်ခံသမိုင်းရှိသူများ၊ ခြားနားသော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဘာသာပေါင်းစုံလူတန်းစားများသည် တစ်စုတစ်စည်းတည်း ဖြစ်လာသည်။ ၎င်းတို့သည် ပုဂ္ဂလိကလုံခြုံမှုအတွက် အန္တရာယ်ရှိနေသည့်တိုင်အောင် ငြိမ်းချမ်းရေးနှင့် ပြောင်းလဲမှုကို အတူတကွတောင်းဆိုနေကြသည်။

မြန်မာနိုင်ငံသားများ၏ စိတ်ဆန္ဒနှင့် စွမ်းအားကို နိုင်ငံတကာအသိုင်းအဝိုင်းက အထင်ကြီးလေးစားသင့်သည်။ ၎င်းတို့သည် ယုံကြည်ချက်မြင့်မားစွာဖြင့် လုပ်ဆောင်နေခြင်း ဖြစ်သည်။ သံတမန်များနှင့် ကမ္ဘာ့ခေါင်းဆောင်များသည် ၎င်းတို့၏သြဇာအာဏာကို အသုံးပြုပြီး မြန်မာနိုင်ငံသားများ၏အသက်များကို ကာကွယ်ပေးရန် အရပ်ဘက်အဖွဲ့အစည်းများက ကြိမ်ဖန်များစွာ တောင်းဆိုနေကြသည်။ ပြစ်တင်ရှုံ့ချခြင်းစကားလုံးများထက် လက်တွေ့အရေးယူမှုများကသာ ဗမာ့စစ်တပ်နှင့် ဥပဒေအထက်တွင်နေထိုင်နေသူများကို နိုင်ငံတကာဥပဒေ၏အမြင့်ဆုံးအဆင့်ဖြင့် အပြစ်ပေးနိုင်မည်ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက်များ

အောက်ပါအကြံပြုတိုက်တွန်းချက်များကို ချက်ချင်းအကောင်အထည်ဖော်ရန် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တောင်းဆိုလိုက်သည်။

### နိုင်ငံတကာအသိုင်းအဝိုင်းများသို့

၁) စစ်အုပ်စုတို့အရာရှိများ၊ ၎င်းတို့၏မိသားစုဝင်များကို ပိတ်ဆို့အရေးယူရန်၊ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းရန်နှင့် စီးပွားရေးကွင်းဆက်များကို ဖြတ်တောက်ရန်။

၂) အကြမ်းဖက် လူသတ်နေသည့် ဗမာ့စစ်အုပ်စုတို့ကို လက်နက်ရောင်းဝယ်ခွင့် ပိတ်ပင်ရန်။

၃) အပြစ်မဲ့ပြည်သူများကို လေယာဉ်ဖြင့်ဗုံးကျဲသတ်ဖြတ်နေသည့် ဗမာ့စစ်အုပ်စုတို့၏ လေယာဉ်ဆီဝယ်ယူခွင့်ကို ပိတ်ပင်ရန်။

### ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများသို့

၁) မြန်မာနိုင်ငံ၏ပကတိအခြေအနေကို ကိုင်တွယ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးကို အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရန်။

၂) အကြမ်းဖက်ခံနေရသည့် အားနည်းသူ ပြည်သူလူထုအတွက် တရားမျှတမှု ရရှိရန်နှင့် တာဝန်ယူတာဝန်ခံမှုများ ပေါ်ပေါက်လာစေရန် ကာကွယ်ရေးယန္တရားများကို အားကောင်းအောင် ပြုပြင်ရန်နှင့် ယန္တရားအသစ် ဖော်ဆောင်ရန်။

၃) ဒေသဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများကို ဆက်လက်ထောက်ပံ့ကူညီပြီး အောက်ခြေပြည်သူလူထု၏ လုိအပ်ချက်ကို ဖြည့်ဆည်းရန်။ နယ်စပ်ဖြတ်ကျော်အကူအညီများကို ပေးအပ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ဒေသခံအဖွဲ့အစည်းကို စီမံခွင့်ပေးရန်။

၄) ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်နေသည့်စစ်အုပ်စုတို့ကို ချက်ချင်းရပ်တန့်နိုင်ရန်အတွက် ဥပဒေမဲ့သတ်ဖြတ်ခံရသူများ၊ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကိုယ်စိတ်ထိခိုက်ခဲ့ရသူများနှင့် နာတာရှည်ရောဂါဒဏ်ရာများ ရရှိခဲ့သူများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ချက်ချင်းလုပ်ဆောင်ရန်။

### အမျိုးသားညီညွတ်ရေးအစိုးရသို့

၁) မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် နိုင်ငံတစ်ဝန်းလုံးသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရန်၊ အမှန်တကယ်အကူအညီလိုအပ်နေသူများထံသို့ ထောက်ပံ့မှုများ ရောက်ရှိစေရန်။

၂) မြန်မာ့အရေးအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများကို ထိရောက်လျင်မြန်စွာ တိုက်တွန်းရန်။

၃) စစ်အုပ်စုတို့နှင့် စစ်အုပ်စုတို့လက်ကိုင်တုတ်အဖွဲ့များက ကျူးလွန်နေသည့် မုဒိမ်းမှုများ၊ လိင်အကြမ်းဖက်မှုများအပါအဝင် အကြမ်းဖက်မှုများဒဏ်မှ ပြည်သူလူထုကို ကာကွယ်နိုင်ရန်အတွက် မဟာမိတ်များ၊ ကွန်ရက်များအားလုံး၏ အင်အားကို အသုံးပြုပြီး လုပ်ဆောင်သွားရန်။

